မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ်(၂၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲ ကြည့်ရှုအားပေး

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသားအကပြိုင်ပွဲ၌ ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကျင်းပရာ နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ သွားရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နန်နင်းမြို့၌ စီးပွားရေးကိုယ်စားလှယ်ရုံးဖွင့်လှစ်နိုင်ရေး ကူညီပေးနေသဖြင့် များစွာကျေးဇူးတင် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်ရေး များစွာအထောက်အကူပြုစေမည်

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

သတ္တုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်လို စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့စေလွှတ်၍ တိုးမြှင့်ဆောင်ရွက်သွားမည်

တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီ အတွင်းရေးမှူး Mr.Guo Shengkun

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr.Guo Shengkun သည် အောက်တိုဘာ ၂၀ ရက် ညနေ ၅ နာရီခွဲတွင် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ လီယွမ် International Conference Centre ၌ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် အောက်တိုဘာ ၂၄ ရက်)

မြင့်မြတ်သောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် ကမ္ဘာ့လူသားများအကျိုး သယ်ပိုးစွမ်းဆောင်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ယနေ့ဆိုလျှင် (၆၄)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေးနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားရေးစသည့် နယ်ပယ်များတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး စသည့်တာဝန်များကို ထမ်းဆောင်ရန် ရည်ရွယ်ချက်နှင့် အခြေခံမူများကို ခိုင်မြဲစွာဆုပ်ကိုင်လျက် ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ စတင်တည်ထောင်ခဲ့ချိန်မှစ၍ (၆၄)နှစ်တာကာလတစ်လျှောက်လုံး ကမ္ဘာကြီးကို ဦးဆောင်မှုပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်မှစ၍ အဖွဲ့ကြီး၏ လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ပြီး အနာဂတ်တွင်လည်း ကုလသမဂ္ဂအဖွဲ့ကြီးကို ဆက်လက်ထောက်ခံသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် ကုလသမဂ္ဂ အေဂျင်စီရုံးများ ဖွင့်လှစ်ထားရှိကာ ယင်းကုလသမဂ္ဂရုံးများသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ကူညီဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်မှုများ ရရှိလာခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်မှစ၍ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာရေးရာများ၊ ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများကို အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံနေထိုင်လာခဲ့သည်။

ယနေ့အထိ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂နိုင်ငံရှိရာ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ ကုလသမဂ္ဂက လူသားများအတွက် ဆောင်ရွက်လျက်ရှိသည့် မြင့်မြတ်သောလုပ်ငန်းများကိုလည်းကောင်း အပြည့်အဝထောက်ခံလျက်ရှိပြီး ပူးပေါင်းဆောင်ရွက်သွားမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘားအံမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ပိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၂ရက် မွန်းလွဲပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ နောင်လုံ အရှေ့မြပြည်ကျေးရွာအုပ်စု မိုးစပါးစံပြစိုက်ခင်း၊ ဘားအံ-ကော့ကရိတ်-မြဝတီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် သံလွင်တံတား(ဘားအံ) ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိုင်ကလေးကျေးရွာအုပ်စု မိုးစပါးစံပြစိုက်ကွင်းသို့ရောက်ရှိပြီး စပါးမျိုးယှဉ်ပြိုင် စမ်းသပ်ကွက်၊ ဓာတ်မြေဩဇာစမ်းသပ်ကွက်နှင့် ခေါင်နှံမျိုးပွားစမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ရှိ အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ နေပြည်တော် အခြေခံပညာအထက်တန်းကျောင်းများ၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆိုင်ရာ ဘာသာရပ်ကြီးကြပ်ရေးမှူးများက ကျောင်းအလိုက် ဘာသာရပ်သင်ယူတတ်မြောက်မှု၊ တိုးတက်မှုအခြေအနေများကို လည်းကောင်း၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သင်ကြားရေးနှင့်စီမံခန့်ခွဲရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားကာ သင်ကြားသင်ယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် နေပြည်တော် အထက(၆)၊ အထက(၇)၊ အထက(၈)၊ အထက(၉)၊ အထက(၁၀)နှင့် အထက(၁၁)တို့သို့ သွားရောက်ပြီး သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး သင်ကြားသင်ယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်း အမှတ်စဉ်(၃၅) ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံ စာရင်းကောင်စီ၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီက ဖွင့်လှစ်မည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း)သင်တန်း အမှတ်စဉ် (၃၅)ကို စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်) အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ ၂၀၁၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၅ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။

စီးပွားရေးတက္ကသိုလ်များမှ ၂၀၀၇ခုနှစ် စက်တင်ဘာလတွင်ကျင်းပသော B.Com နှင့် B.Act ဘွဲ့ စာမေးပွဲအောင်မြင်သူများ သင်တန်းတက်ရောက်ခွင့် လျှောက်ထားနိုင်သည်။ သင်တန်းတက်ရောက်ခွင့် လျှောက်လွှာများကို အောက်တိုဘာ ၁၉ရက်မှ နိုဝင်ဘာ ၁၃ရက်အထိ ရုံးချိန်အတွင်း အထက်ပါသင်တန်းကျောင်း၌ လိုအပ်သော အထောက်အထားများပူးတွဲ၍ လျှောက်ထားမည့်သူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

သင်တန်းကိစ္စများနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက သင်တန်းကျောင်းသို့ လာရောက်စုံစမ်းနိုင်ပြီး ဖုန်း- ၀၁-၂၂၇၂၄၆သို့လည်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်းရှိ ခရိုင်ချင်းဆက်ကိုးကွေ့-ပေါင်းလောင်းချောင်းလမ်း နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကိုးကွေ့-ပေါင်းလောင်းချောင်းလမ်းပိုင်း ကျောက်ချောခင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရန် ယမန်နေ့ နံနက် ၉ နာရီခွဲက ကိုးကွေ့ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကိုးကွေ့ကျေးရွာနှင့် ဂမုန်းတောင်ကျေးရွာအကြား လမ်းကြောင်းဖောက်လုပ်ပြီးစီးမှု၊ ကျောက်ချောလမ်းခင်းပြီး အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းပေးကာ လမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကိုးကွေ့ကျေးရွာ ရေတံခွန်သို့ရောက်ရှိ၍ ရေတံခွန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် အပန်းဖြေစခန်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးသည် ပင်လောင်းမြို့နယ် တောင်ကျကျေးရွာအနီးရှိ ရေပူစမ်းသို့ရောက်ရှိရာ အင်ဂျင်နီယာများက ရေပူစမ်း အဆင့်မြှင့်တင်ရေးအတွက် စီမံထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကင်းသာရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းမိုင် (၁၁၀) (၂) ဖာလုံခင်းရန် ဆောင်ရွက်နေမှုအခြေအနေနှင့် လူအင်အား၊ စက်ယန္တရားအင်အား အပြည့်အဝ အသုံးပြု၍ ပွင့်လင်းရာသီအတွင်း ရာနှုန်းပြည့် ပြီးစီးရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို အချိန်မီ ဖြည့်ဆည်းဆောင်ရွက်သွားရန် မှာကြားသည်။

လျာထား

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကို ကတ္တရာလမ်းမိုင်(၁၁၀)(၂)ဖာလုံနှင့် သစ်သား တံတား ၃၅စင်း လျာထားဆောင်ရွက်လျက်ရှိရာတွင် ကတ္တရာလမ်းမိုင်၂၀နှင့် သစ်သားတံတား ၂၅စင်းတို့ကို ဆောင်ရွက်ပြီးစီးနေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၄-၁၀-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရုပ်ဆိုး** (အပိုင်း-၁၇)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ပဟေဠိနတ်သမီး** နေတိုး၊ ရဲတိုက်၊ မိုးမိုး၊ သက်မွန်မြင့်၊ရတနာပုံ၊အေးမြတ်သူ ဒါရိုက်တာ-မောင်မျိုးမင်း (ရှင်တွင်းဖြစ်)
၁၃:၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၃၅)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
၅:၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ စားဖို့ဆောင်ချစ်သူ
၆:၄၅ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၁၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်စတား
၂၀။ အင်္ဂလိပ်စာသုတ (English Usage)
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန် (တတိယတွဲ)** (အပိုင်း-၁၉)

● ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ရာတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီ အတွင်းရေးမှူး Mr.Guo Shengkun နှင့်အတူ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် Mr.Wen Ka Hua နှင့် Mr.Yu Yuan Hui၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ်Ms.Fan Xiao Li နှင့်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြ သည်။ အဆိုပါ တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် Mr. Guo Shengkun တို့က အပြန်အလှန် နှုတ်ခွန်းဆက်စကားပြောကြားကြပြီးနောက် ကွမ်ရှီးကော်မတီ အတွင်းရေးမှူး Mr. Guo Shengkun က ပြောကြားရာ၌ ယမန်နေ့က အဆွေတော်နှင့် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Li Keqiang တို့ တွေ့ဆုံဆွေးနွေးခဲ့သည့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းများအနက် အချို့သောလုပ်ငန်းများမှာ မိမိတို့ဒေသအနေဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

ပိုမိုတိုးမြှင့်

မိမိတို့ဒေသသည် မြန်မာနိုင်ငံနှင့် ကူးသန်း ရောင်းဝယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး နယ်ပယ်များတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်းဖြင့် နှစ်ဖက်အကျိုးစီးပွားကို ဖော်ဆောင်လိုပါကြောင်း၊ အထူးသဖြင့် သတ္တုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်လိုပါကြောင်း။

မိမိတို့ဒေသမှ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ စေလွှတ်၍ နှစ်ဖက်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့် နယ်ပယ်ကဏ္ဍများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထူးခြားသည့်နေ့

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ဆက်သွယ်ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့ရေးအတွက် မြန်မာနိုင်ငံ၏တတိယမြောက် ကောင်စစ်ဝန်ချုပ်ရုံးကို နန်နင်းမြို့၌ ယနေ့တရားဝင်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်၍ ယနေ့သည် ထူးခြားသည့်နေ့တစ်နေ့အဖြစ် တရုတ်-မြန်မာ ဆက်ဆံရေးသမိုင်းတွင် မှတ်တိုင်တစ်ခု ထပ်မံတိုးမြှင့် စိုက်ထူနိုင်ခဲ့ရုံသာမက မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတို့၏ဆက်ဆံရေးကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထို့အပြင် နန်နင်းမြို့၌ မြန်မာနိုင်ငံ၏စီးပွားရေးကိုယ်စားလှယ်ရုံး ဖွင့်လှစ်နိုင်ရေး ကူညီဆောင်ရွက်ပေးနေသည့်အတွက်ကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း။

အထောက်အကူပြု

ယင်းကဲ့သို့ ကောင်စစ်ဝန်ချုပ်ရုံး၊ စီးပွားရေးကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် များစွာအထောက်အကူပြုစေမှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ ကုန်သွယ်မှု၊ သတ္တု၊ စွမ်းအင်၊ ရေအားလျှပ်စစ်စသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ ဤသို့ ဆောင်ရွက်သွားနိုင်ရေးအတွက် လိုအပ်သောကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံစီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံ ခေါင်းဆောင်ကြီးများ၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ခေါင်းဆောင်များ၊ တရုတ်ပြည်သူများအားလုံး ကျန်းမာရွှင်လန်းကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

တည်ခင်းဧည့်ခံ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီ အတွင်းရေးမှူး Mr. Guo Shengkun က International Conference Centre ရှိ Banquet Hall အမှတ်(၁၁)တွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr.Guo Shengkun က ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ လီယွမ် International Conference Centre ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr.Guo Shengkun က ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ လီယွမ် International Conference Centre ၌ ဂါရဝပြုတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် နံနက် ၉နာရီ မိနစ် ၂၀တွင် အကပြိုင်ပွဲကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိလာရာ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အကပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်)အမျိုးသား အကပြိုင်ပွဲ၌ ပြိုင်ပွဲဝင်များ အကယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန်အတွက် ခေတ္တတည်းခိုသည့် Liyuan Resort မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောက်တိုဘာ ၂၂ရက် ဒေသစံတော်ချိန် နံနက် ၈နာရီတွင် ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

လေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည့် ဒေသခံတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တိုင်းရင်းသား တိုင်းရင်းသူများ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသကွန်မြူနစ်ပါတီ အမြဲတမ်း ကော်မတီဝင် Mr. Wen Ka Hua ၊ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် Ms. Fan Xiao Li၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများအား အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မြန်မာစံတော်ချိန် နံနက် ၁၀နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင် Mr. Wen Ka Hua ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရုရှားနိုင်ငံ ကာလူဂါမြို့ရှိ မော်တော်ကား ထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို အောက်တိုဘာ ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး အခမ်းအနားများကျင်းပ

ဂျီနီဗာ အောက်တိုဘာ ၂၃

၂၀၁၅ခုနှစ်နောက်ဆုံးထား၍ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရန်နှင့် ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ကမ္ဘာပေါ်ရှိလူ ၁၇၃သန်းကျော်က ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ကုလသမဂ္ဂအရာရှိများက ကုလသမဂ္ဂရုံး၌ အောက်တိုဘာ ၂၁ရက်တွင် ပြောကြားသည်။

ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး အခမ်းအနားများကို နိုင်ငံပေါင်း ၁၂၀ကျော်တို့၌ သီတင်းပတ်ကုန်ပိုင်းက ကျင်းပခဲ့ကြောင်း၊ ယခု ကျင်းပသည့် အခမ်းအနားမှာ လေးနှစ်မြောက်ကျင်းပသည့် အခမ်းအနားဖြစ်ကြောင်း၊ အခမ်းအနားတွင် ပျော်ပွဲရွှင်ပွဲ အစီအစဉ်ပေါင်း ၃၀၀၀ကျော် ထည့်သွင်းထားကြောင်း၊ ယခုနှစ်တွင် ကျင်းပသည့် အခမ်းအနားသို့ လူသန်းပေါင်း ၆၀ခန့် ပိုမိုပါဝင်ဆင်နွှဲခဲ့ကြောင်း၊ ယခင် ၂၀၀၈ခုနှစ်က တက်ရောက်ခဲ့သည့် လူဦးရေထက် များပြားကြောင်း၊ အခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းလည်း ကျောင်းသားကျောင်းသူ ၁၅၀၀နှင့်အတူ ပါဝင် တက်ရောက်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၁၀၀၀တို့ ငတ်မွတ်ခေါင်းပါးနေကြကြောင်းဖြင့်လည်း သတင်းရရှိသည်။

တက်ရောက်

ယင်းလှုပ်ရှားမှုတွင် အာရှတိုက်မှ ပြည်သူသန်း၁၀၀ ထက်မနည်းပါဝင်ပြီး အာဖရိကတိုက်မှပြည်သူသန်း ၄၀နီးပါး ပါဝင်ကာ အာရပ်နိုင်ငံများမှ ပြည်သူသန်း ၃၀ကျော် တက်ရောက်ခဲ့ကြောင်း၊ ဥရောပမှ ပြည်သူနှစ်သန်းကျော်၊ လက်တင်အမေရိကနှင့် မြောက်အမေရိကမှ ပြည်သူနှစ်သိန်းစီနှင့် သမုဒ္ဒရာကျွန်းနိုင်ငံများမှ ပြည်သူတစ်သိန်းခုနစ်သောင်းကျော်လည်း တက်ရောက်ခဲ့ကြသည်။

အမ်အင်န်အေ၊ ရိုက်တာ

ကိုလံဘီယာမူးယစ်မှောင်ခိုလုပ်ငန်း သက်ကြီးရွယ်အိုနှင့် ကလေးများ အသုံးပြုနေ

ဘိုဂိုတာ အောက်တိုဘာ ၂၃

ကိုလံဘီယာနိုင်ငံမှ မူးယစ်ဆေးဝါး ရောင်းဝယ်သူများသည် မူးယစ်ဆေးဝါးများအား ပြည်ပသို့ မှောင်ခိုခိုးထုတ်ရန်အတွက် အဓိကအားဖြင့် ကလေးငယ်များနှင့်သက်ကြီးရွယ်အိုများကို အသုံးချလျက်ရှိကြောင်း ကိုလံဘီယာအာဏာပိုင်များက အောက်တိုဘာ ၂၁ရက်တွင် ပြောကြားသည်။

မြင့်တက်

မူးယစ်ဆေးဝါးသယ်ယူသည့် သက်ကြီးရွယ်အိုနှင့် ကလေးငယ်များအား ဖမ်းဆီးရသည့်အမှုများ မြင့်တက်လာသည်ဟု ကိုလံဘီယာမူးယစ်တိုက်ဖျက်ရေးဌာနမှ ဗိုလ်မှူးကြီး ဂျိုဆေးအိုမီဒိုက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

A(H1N1)တုပ်ကွေးရောဂါ ကာကွယ်ဆေးများ လက်တင်အမေရိကနိုင်ငံများ ဝယ်ယူမည်

ပနားမားစီးတီး အောက်တိုဘာ ၂၃

ကျူးဘား၊ မက္ကဆီကိုနှင့် ဗင်နီဇွဲလားနိုင်ငံတို့ပါဝင်သည့် လက်တင်အမေရိကနိုင်ငံများသည် A(H1N1)တုပ်ကွေးကာကွယ်ဆေး ဝယ်ယူသုံးစွဲရေးနှင့် စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲများကို ပနားမားနိုင်ငံ၌ အောက်တိုဘာ ၂၁ရက်က စတင်ကျင်းပခဲ့ကြောင်း ပင်အမေရိက ကျန်းမာရေးအဖွဲ့ ကိုယ်စားလှယ် အေအက်စ်ကမ်မီလာက ပြောကြားသည်။

ထည့်သွင်းဆွေးနွေး

အဆိုပါဆွေးနွေးပွဲများ၌ နိုင်ငံအသီးသီး၏ A(H1N1)ကာကွယ်ဆေး လိုအပ်ချက်များနှင့် ပြည်သူများ၏ ကာကွယ်ဆေးဝယ်လိုအားပမာဏတို့ကို ထည့်သွင်းဆွေးနွေးသွားမည်ဟု သိရသည်။ ဆွေးနွေးပွဲ အဆုံးသတ်ချိန်တွင် နိုင်ငံအသီးသီးအတွက် A(H1N1) ကာကွယ်ဆေးလိုအပ်မည့် ပမာဏကို သတ်မှတ်မည်ဖြစ်ကြောင်း အက်စ်ကမ်မီလာက ပြောကြားသည်။ ***(အင်တာနက်)***

ပင်လယ်လှိုင်းလုံးကြီးများရိုက်ခတ်

မက္ကဆီကိုနိုင်ငံ မာဇက်လန်မြို့၌ မုန်တိုင်းတိုက်သဖြင့် ပင်လယ်လှိုင်းလုံးကြီးများ ရိုက်ခတ်နေသည်ကို အောက်တိုဘာ ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန် နယ်စပ်၌ အင်အားပြင်း ငလျင်လှုပ်

ကဘူးလ် အောက်တိုဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်ရှိ ဟင်ဒူကတ်ချ်တောင်တန်း၌ အောက်တိုဘာ ၂၃ ရက် နံနက်စောစောပိုင်းက ရစ်ချ်တာစကေး ၆ ဒသမ၂အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်ခတ်သွားကြောင်း ဆင်ဟွာက ဖော်ပြသည်။

သိရ

ယင်းငလျင်ကြောင့် ကဘူးလ်မြို့တော်နှင့် အခြားပြည်နယ်များရှိ နေအိမ်အဆောက်အအုံများမှာ လှုပ်ခါသွားခဲ့ကြောင်း၊ ငလျင်လှုပ်ရာဒေသမှာ တောတောင်အတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူ အနည်းစုသာနေထိုင်ရာ ဒေသဖြစ်ပြီး ဆက်သွယ်ရေးခက်ခဲမှုရှိသဖြင့် ထိခိုက်ဒဏ်ရာရမှုသတင်းကို မရရှိသေးကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ အသေခံဗုံးခွဲမှုဖြစ်ပွား ခုနစ်ဦးသေဆုံး ၁၂ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၃

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် အက်တွတ်ခ်ဒေသရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်ကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အသေခံကားဗုံးခွဲမှုတစ်ခု ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသတွင်း ရုပ်မြင်သံကြားက သတင်းထုတ်ပြန်သည်။

ပြောကြား

သေဆုံးသူများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ အမြန်ပို့ဆောင်ပေးခဲ့ကြောင်း အက်တွတ်ခ်ဒေသရဲတပ်ဖွဲ့ အကြီးအကဲ ဖက်ခ်ဟာဆူလ်တန်က ပြောကြားသည်။

ဖမ်းဆီး

ရဲတပ်ဖွဲ့များက ဗုံးပေါက်ကွဲရာနေရာနှင့်အနီးဝန်းကျင်ကို ပိတ်ထားလိုက်ကြောင်း၊ ယင်းဗုံးခွဲမှုနှင့်စပ်လျဉ်းသည့် နောက်ဆက်တွဲတရားခံများအား ရှာဖွေရေးစစ်ဆင်ရေးတစ်ရပ်ကိုဆင်နွှဲကာ သံသယရှိသူရှစ်ဦးကျော်ကိုလည်း ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်-ရုရှားဆက်ဆံရေး နှစ်(၆၀)ပြည့် မော်စကို၌ ကျင်းပ

မော်စကို အောက်တိုဘာ ၂၃

ရုရှားနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၂၁ရက်က နိုင်ငံတကာဆွေးနွေးပွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသစ်ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကိုလည်း မော်စကိုမြို့၌ ကျင်းပခဲ့ကြောင်း ဆင်ဟွာကဖော်ပြသည်။

ထိုဆွေးနွေးပွဲကို သုံးရက်ကြာ ကျင်းပမည်ဖြစ်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်သည့် အတွေ့အကြုံနှင့် သင်ခန်းစာများကိုလည်းကောင်း၊ တရုတ်-ရုရှားဆက်ဆံရေး ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း အဆိုပါဆွေးနွေးပွဲတွင် ဆွေးနွေးကြကြောင်း သိရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ဆက်ဆံရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးပွဲ တက်ရောက်လာသူများက အဓိကထား ဆွေးနွေးပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့ ကာဝါစကီဒေသ ကီဟိုင်းစက်မှုဇုန်ရှိ ရေနံချက်စက်ရုံမှ စွန့်ပစ်ပစ္စည်းများကို မော်တော်ယာဉ်ဖြင့် သယ်ဆောင်ရန် ပြင်ဆင်နေသည်ကို အောက်တိုဘာ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံအနောက်ပိုင်း ရှန်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဝါဂွမ်းစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို အောက်တိုဘာ ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆိုမာလီ ပင်လယ်ဓားပြများ လေးလအတွင်း တိုက်ခိုက်မှုနှုန်းကျဆင်းခဲ့

လန်ဒန် အောက်တိုဘာ ၂၃

ပြည်ပနိုင်ငံများမှ ရေတပ်များ အကူအညီနှင့် သင်္ဘောများကို ပိုမိုထိရောက်သည့် ဟန့်တားရေးအစီအစဉ်များကြောင့် လွန်ခဲ့သည့်လေးလအတွင်း ဆိုမာလီပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုနှုန်း ကျဆင်းခဲ့ကြောင်း နိုင်ငံတကာ ရေကြောင်းဌာန(အိုင်အမ်ဘီ)က အောက်တိုဘာ ၂၁ရက်တွင် ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်

သို့ရာတွင် ဆိုမာလီပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုသည် ဆက်လက်ဖြစ်ပေါ်နေပြီး သေနတ်သမားများသည် သင်္ဘောမာလိန်မှူးများ သင်္ဘောရပ်နားရန်အတွက် ခြိမ်းခြောက်သည့်အနေဖြင့် မောင်းပြန်သေနတ်များ၊ ဒုံးပစ်လောင်ချာများဖြင့် မဆင်မခြင် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။ အမ်အင်န်အေ၊ရိုက်တာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

အမေရိကန် အလုပ်လက်မဲ့အခြေအနေ လောလောဆယ် ဆိုးရွားလျက်ရှိ

အမေရိကန် အလုပ်လက်မဲ့အခြေအနေသည် ယခုနှစ် တတိယသုံးလပတ်တွင် ကောင်းမွန်လာမည်ဟု ခန့်မှန်းထားခဲ့သည့်တိုင်အောင် အလုပ်လက်မဲ့ဦးရေသည် ဆိုးဆိုးရွားရွား များပြားနေဆဲဖြစ်ကြောင်း အိမ်ဖြူတော်စီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌ ခရစ္စတီးနာရိုးမားက ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ်ကိစ္စ ဆွေးနွေးပွဲ ရုရှားနှင့် တရုတ်တို့ချီးကျူးပြောကြား

ဗီယင်နာမြို့တွင်ကျင်းပခဲ့သည့် အီရန်နိုင်ငံနှင့် အဓိက ကမ္ဘာ့အင်အားကြီးသုံးနိုင်ငံတို့ကြား နျူကလီးယားရေးရာဆွေးနွေးပွဲများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ချီးကျူးပြောကြားလိုက်သည်။ ယင်းဆွေးနွေးပွဲသည် ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်လေ့လာရေးအဖွဲ့က အဆိုပြုထားသော နျူကလီးယား စာချုပ်ချုပ်ဆိုရေးအတွက် ဦးတည်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များ ပီရူးနှင့် အီကွေဒေါတို့ စာချုပ်ချုပ်ဆို

ပီရူးနှင့် အီကွေဒေါနိုင်ငံတို့သည် ပီရူးနိုင်ငံ၌ အောက်တိုဘာ ၂၂ရက်က ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံသမ္မတများနှင့် ဝန်ကြီးများအစည်းအဝေး၌ လယ်ယာစိုက်ပျိုးရေး ကဏ္ဍမှသည် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအထိ ကျယ်ပြန့်သည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များ ချုပ်ဆိုလိုက်ကြကြောင်း သတင်းရရှိသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဘတ်စ်ကားတစ်စီးမြေမြှုပ်ဗုံးကွဲ၍ ၁၈ ဦးသေဆုံး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် အောက်တိုဘာ ၂၃ရက်က ဘတ်စ်ကားတစ်စီးကို မြေမြှုပ်ဗုံးပေါက်ကွဲထိမှန်ခဲ့သဖြင့် အရပ်သား ၁၈ဦးထက် မနည်း သေဆုံးသွားကြောင်း၊ ၎င်းတို့ထဲတွင် အမျိုးသမီး ၁၂ ဦးနှင့် ကလေးလေးဦး ပါဝင်ကြောင်း ပါကစ္စတန် မီဒီယာက ဖော်ပြသည်။ ***(အောက်ပုံ)***

အီရန်၌ A(H1N1)တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၁၆ဦးရှိ

အီရန်နိုင်ငံတစ်ဝန်းတွင် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ၁၆ဦး သေဆုံးကြောင်း၊ ယင်းရောဂါ နောက်ထပ်ဖြစ်ပွားသူဦးရေသည် ၁၁၉၄အထိ မြင့်မားလာကြောင်း အီရန်ရုပ်မြင်သံကြားသတင်းဌာနက အောက်တိုဘာ ၂၃ရက်တွင် သတင်းထုတ်ပြန်ကြေညာသည်။

ဂွါတီမာလာနိုင်ငံ ကမ်းလွန်မှ ကိုကင်း ၁၀ တန် ဂွါတီမာလာနှင့် အမေရိကန်တို့ သိမ်းဆည်းမိ

ဂွါတီမာလာကမ်းလွန် ရေငုပ်သင်္ဘောတစ်စင်းမှ ကိုကင်း ၁၀တန်ကို အမေရိကန်နှင့် ဂွါတီမာလာအာဏာပိုင်များက သိမ်းဆည်းမိလိုက်ကြောင်း ဂွါတီမာလာ ရဲတပ်ဖွဲ့က အောက်တိုဘာ ၂၃ရက်တွင် ကြေညာသည်။

A(H1N1) တုပ်ကွေးရောဂါမပြန့်ပွားရေး ကာကွယ်ဆေးအသုံးပြုမှု အသင့်လျော်ဆုံးဖြစ်

A(H1N1)တုပ်ကွေးရောဂါမပြန့်ပွားအောင် ဆောင်ရွက်နိုင်မည့် အထိရောက်ဆုံးနှင့် အလားအလာအကောင်းဆုံးနည်းလမ်းမှာ ကာကွယ်ဆေးသုံးသည့်နည်းလမ်းပင် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်းက အောက်တိုဘာ ၂၂ရက်က ထုတ်ဖော်ပြောကြားသည်။ (အင်တာနက်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Ms. Maria Hellen M.Barber** သည် ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Ms. Maria Hellen M.Barber** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၁၀-၂၀၀၉ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း)တေးရေး- ဗိုလ်ကလေးတင့်အောင်
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	ကဗျာပန်းဥယျာဉ်
၈:၁၅	၇။	အကပြိုင်ပွဲ
၈:၂၀	၈။	တေးဂီတအစီအစဉ်
၈:၃၀	၉။	ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	Connect With English (Episode-24) (The Phone Call)

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀	၅။	Yan Can Cook
၁၂:၄၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၃၉)
၁၃:၄၀	၇။	ရုပ်မြင်ရသတေးစုကဏ္ဍ
၁၄:၀၀	၈။	ဘဝသစ်ရောင်ခြည်ထွန်းလေပြီ မြို့ရွှေတောင်သာဆီ
၁၄:၁၅	၉။	အဆိုပြိုင်ပွဲ
၁၄:၂၅	၁၀။	ဝမ်ပုံရေလှောင်တမံ
၁၄:၃၀	၁၁။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၄၀	၁၂။	International News

ညပိုင်း

၃:၄၅	၁။	Myanmar National League MNL CUP (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် ဆောက်သမ်းမြန်မာအသင်းနှင့် ကမ္ဘောဇအသင်း
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	**အလှရှာမယ်လှကမ္ဘာဝယ်**
၆:၄၀	၆။	ယဉ်တစ်ကိုယ်မယ်''အဆင်ပြေစေချင်တယ်''(အပိုင်း-၂) အိချောပို၊ပိုးဝတ်မှုန်၊ချမ်းသာ (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၁၅)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ
	၁၂။	ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၅၃)
	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ**(အပိုင်း-၅)
	၁၄။	ဂီတတံခါးလေးဖွင့်ပါဦး

ဆေးတက္ကသိုလ်(၂) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

ဆေးတက္ကသိုလ်(၂) ကျောင်းသားဟောင်းများ (၁၉၈၅၊ ၈၆၊ ၈၇၊ ၉၁ခုနှစ် ပထမအမ်ဘီဝင် ကျောင်းသား ကျောင်းသူများ)၏ အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ၁၉၉၁ခုနှစ် ပထမ အမ်ဘီဝင် ကျောင်းသား ကျောင်းသူများအနေဖြင့် ဒေါက်တာမောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉၊ ဒေါက်တာမြင့်မြတ်ထွန်း ဖုန်း-၀၉-၅၀-၂၁၇၁၈၊ ဒေါက်တာနန်းအိခင် ဖုန်း-၀၉-၈၀-၃၂၀၁၁၊ ဒေါက်တာသန့်ဇင်နိုင် ဖုန်း-၀၉-၅၁-၇၅၂၇၉၊ ဒေါက်တာမြတ်မြတ်နှင်း ဖုန်း-၀၉-၅၁-၁၉၇၇၆၊ ဒေါက်တာနေလွင် ဖုန်း-၀၉-၅၀-၂၄၂၀၈၊ ဒေါက်တာညဏ်ကိုး ဖုန်း- ၀၉-၅၁-၃၁၀၆၄၊ ဒေါက်တာသီသီသိန်း ဖုန်း-၀၉-၅၁-၂၃၂၅၅၊ ဒေါက်တာနီနီစံ ဖုန်း-၀၉-၅၁-၉၁၄၅၁၊ ဒေါက်တာမြင့်သိန်း ဖုန်း-၀၉-၅၀-၀၄၄၆၂၊ ဒေါက်တာနှင်းလွဲလွဲငြိမ်း ဖုန်း-၀၉-၅၁-၁၆၇၆၁၊ ဒေါက်တာထားကြည်ဆန်း ဖုန်း-၀၉-၅၁-၉၉၇၈၄ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်သည့်အပြင် ကမ္ဘောဇဘဏ် မြေနီကုန်းဘဏ်ခွဲ ငွေစာရင်းအမှတ် ၀၂၉၁၂၀၀၀၃၀၃၄သို့ တိုက်ရိုက် ထည့်ဝင်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သာကေတစက်မှုဇုန် သုခစုံ စက်မှုလက်မှုသင်တန်းကျောင်း အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၃

အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်သည် အောက်တိုဘာ ၁၆ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် မြနန္ဒာလမ်းရှိ သာကေတစက်မှုဇုန် သုခစုံစက်မှုလက်မှုသင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ဝန်ကြီးအား သုခစုံ ကုမ္ပဏီဥက္ကဋ္ဌ ဦးချမ်းသာနှင့် မန်နေဂျင်းဒါရိုက်တာ သုခမ္မသိင်္ဂီ ဒေါ်ဥမ္မာမြင့်တို့က သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်သားထု ကျွမ်းကျင်မှု မြှင့်တင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်သင့်သည့်လုပ်ငန်းများနှင့် ကျွမ်းကျင်မှုစံနှုန်း သတ်မှတ်ပြဋ္ဌာန်းရေးကိစ္စများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ နံနက် ၂နာရီ ၂၇မိနစ် ၃၀စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၁၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အာဖဂန်နစ္စတန်နိုင်ငံ)တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂အဆင့်ရှိ အင်အားပြင်း မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသPinnguo ခရိုင်ရှိ China Aluminium Co., Ltd. (Guangxi Branch) တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး China Aluminium Co., Ltd.(Guangxi Branch) သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းတွင် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ Pinnguo ခရိုင်ရှိ China Aluminium Co., Ltd. (Guangxi Branch) သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် China Aluminium Co., Ltd.(Guangxi Branch)သို့ ရောက်ရှိကြရာ Baise မြို့တော်ဝန် Mr. Xie Ze Yu၊ ကုမ္ပဏီ ဒုတိယမန်နေဂျာချုပ် Mr. Liu Ba Wei နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသမီးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်းကို ဂါရဝပြု ပေးအပ်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း၌ သတ္တုရိုင်းမှ Aluminium Ingot ထုတ်လုပ်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒုတိယမန်နေဂျာချုပ်များဖြစ်ကြသည့် Mr. Liu Ba Wei နှင့် Mr. Li Xiao Hui တို့က လိုက်လံရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ အလူမီနီယံသတ္တုထုတ်လုပ်နိုင်သည့် ကုန်ကြမ်းရရှိရာ မြေနေရာနှင့် ယင်းမြေနေရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ယှဉ်တွဲဆောင်ရွက်နေမှု၊ မြေကြီးနှင့် သတ္တုရိုင်းခွဲခြားသန့်စင်ထုတ်ယူသည့် စက်ရုံတို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား Baise မြို့တော်ဝန်က Baise မြို့ Ming Dian ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဧည့်ခံပွဲသို့ မြို့တော်ဝန် Mr. Xie Zu Yu နှင့်အတူ မြို့တော် အတွင်းရေးမှူး Mr. Zhang Qi Sheng နှင့် Pinnguo မြို့နယ်တာဝန်ခံ Mr.Wei Zhou Fan တို့ တက်ရောက်ကြပြီး မြို့တော်ဝန်က နှုတ်ခွန်းဆက်စကားနှင့် Baise မြို့အကြောင်းကို ရှင်းလင်းတင်ပြ၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မြို့တော်ဝန်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် Pinnguo မြို့နယ်သို့ ရောက်ရှိကြပြီး အလူမီနီယံသန့်စင်စက်ရုံအတွက် လိုအပ်သော Carbon Electrode များ အဆင့်ဆင့်ထုတ်လုပ်သည့် ပုဂ္ဂလိကစက်ရုံကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ Guangxi Pinnguo Copper Aluminium Plant Co., Ltd. ၏ ကြေးနီနှင့် အဆောက်အအုံတည်ဆောက်ရာတွင် အသုံးပြုသော အလူမီနီယံကုန်ချောပစ္စည်းများ ထုတ်လုပ်နေမှုနှင့် Guangxi Pinnguo Bodao AL-MG Cable Co., Ltd. ၏ အလူမီနီယံ မီးကြိုးဆိုက်စုံများ ထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို သွားရောက်ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို အသေးစိတ် ဆွေးနွေးမေးမြန်းကြသည်။

အကြီးမားဆုံး

အဆိုပါ China Aluminium Co., Ltd. (Guangxi Branch) သည် Pinnguo ခရိုင် Baise မြို့တော်အတွင်း တည်ရှိပြီး စက်ရုံကို ၁၉၈၇ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည်။ ထို့နောက် စက်ရုံကို အဆင့်ဆင့်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ၂၀၀၈ခုနှစ် ဇူလိုင်လတွင် လက်ရှိကုမ္ပဏီ လည်ပတ်နိုင်မှုအဆင့်သို့ ရောက်ရှိခဲ့သည်။ ကုမ္ပဏီရှိ စက်ရုံခွဲများတွင် အလုပ်သမား စုစုပေါင်း ၇၀၀၀ကျော် တာဝန်ထမ်းဆောင်လျက်ရှိပြီး တစ်နှစ်လျှင် အလူမီနီယံတန်ချိန် သုံးသိန်းမှ လေးသိန်းခွဲအထိ ထုတ်လုပ်နိုင်ကြောင်း၊ စက်ရုံမှာ ကွမ်ရှီးကျွမ်းဒေသအတွင်း၌ အကြီးမားဆုံးစက်ရုံကြီးဖြစ်ကြောင်း သိရှိရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နန်နင်းမြို့ Liyuan Resort သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**




ကြည့်ရှုလေ့လာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ Pinnguo မြို့နယ်ရှိ အလူမီနီယံ သန့်စင်စက်ရုံအတွက် လိုအပ်သော Carbon Electrode များ အဆင့်ဆင့်ထုတ်လုပ်သည့် ပုဂ္ဂလိကစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၀-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဒုက္ခသိမှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အလှသစ်ဖန်တီးခြင်း** (အပိုင်း-၂၃)
- ၈:၃၀ Sports World (Football Asia)
- ၈:၅၅ ဆက်သွယ်ရေးဇာတ်လမ်းအသစ် **ဟယ်လိုအချစ်**
- ၉:၁၅ သူတို့ ငါးယောက်ရှိရာ သရေခေတ္တရာ
- ၉:၃၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၄၀ ပွင့်သောပန်းတိုင်းလန်းဆန်းစေရာ စာပန်းအိမ်မှာ
- ၁၁:၀၅ An Invitation From South of the Sea
- ၁၁:၂၀ သွားမယ် စားမယ် (ရိုးရာ ရခိုင်စားဖွယ်စုံ)
- ၁၁:၅၀ လှပကြော့ရှင်း ပွဲတင့်စေရာ စိုးစိုးဖက်ရှင်မှာ
- ၁၂:၀၅ **အိမ်တွင်းပုန်းများ မကြည့်ရ** နေတိုး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဇာဏီထက်လင်း)
- ၁၂:၃၀ ပဒုမ္မာကြာနွယ်ရိုးမှသည်…
- ၁:၀၀ **ဒုက္ခသိမှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival Park Royal Wedding Fair (2)
- ၃:၅၀ စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံ
- ၄:၀၅ ပွင့်သောပန်းတိုင်းလန်းဆန်းစေရာ စာပန်းအိမ်မှာ
- ၄:၂၅ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အသိနှင့် ကာကွယ် ကိုကို(စက်မှုတက္ကသိုလ်)၊ ဒုတိယရဲမှူးကြီးအောင်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာသစ်လွင်
- ၅:၂၀ ဆက်သွယ်ရေးဇာတ်လမ်းအသစ် **ဟယ်လိုအချစ်**
- ၅:၅၀ An Invitation From South of the Sea
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၅ အနုပညာမိုးကောင်းကင်
- ၆:၅၀ အင်တာနက်လမ်းညွှန် (COM)
- ၇:၀၅ Fashion Music Festival Park Royal Wedding Fair (2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၂၅ Barclays Premier League Burnley Vs Wigan
- ၁၀:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အလှသစ်ဖန်တီးခြင်း** (အပိုင်း-၂၃)
- ၁၀:၅၅ Barclays Premier League Chelsea Vs Blackburn
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Wolverhampton - Aston Villa	ESPN (LIVE)
၈:၂၅	Tottenham - Stoke City	ESPN (LIVE)
	Burnley - Wigan	STAR SPORTS (LIVE)
၁၀:၁၀	Birmingham - Sunderland	STAR SPORTS (SDD)
၁၀:၅၅	Chelsea - Blackburn	ESPN (LIVE)

24-10 (06).pmd 1 10/23/2009, 3:28 PM

လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Nonferrous Metal Mining Group Co., Ltd. (CNMC) ဥက္ကဋ္ဌ Mr. Luo Tao အား နန်နင်းမြို့ Liyuan Resort ဧည့်ရိပ်သာ အမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Nonferrous Metal Mining Group Co., Ltd. ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် အောက်တိုဘာ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် နန်နင်းမြို့ Liyuan Resort ဧည့်ရိပ်သာ အမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Nonferrous Metal Mining Group Co., Ltd.(CNMC) ဥက္ကဋ္ဌ Mr. Luo Tao အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ CNMC ဥက္ကဋ္ဌ Mr. Luo Tao က သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ လျှပ်စစ်သွယ်တန်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး(၁)က ဆောင်ရွက်ရန် ကိစ္စရပ်များကို အချိန်မီပြီးစီးစေရန် လုပ်ငန်းအရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့် အခြားသောလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းတင်ပြ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နန်နင်းမြို့ တရုတ်-အာဆီယံ စီးပွားရေးဇုန်ရှိ မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံး တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ တရုတ်-အာဆီယံ စီးပွားရေးဇုန်ရှိ မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံး တည်ဆောက်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲတွင် မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံးသို့ ရောက်ရှိကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာစီးပွားရေး ကိုယ်စားလှယ်ရုံး တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် စီမံကိန်းဧရိယာအတွင်း အဆောက်အအုံများ ဆောက်လုပ်မည့် လျာထားပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံးအတွင်း လှည့်လည်ကြည့်ရှုသည်။

လေးထပ်အဆောက်အအုံ

မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံးကို ကွမ်ရှီး-တရုတ်-မြန်မာ ဆောက်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် (Guangxi- China-Myanmar Real Estate Development Co.,Ltd.) က တာဝန်ယူ တည်ဆောက်နေသည့် လေးထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ တရုတ်-အာဆီယံ စီးပွားရေးဇုန်ရှိ မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံး တည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်း အဆောက်အအုံများ ဆောက်လုပ်မည့် လျာထားပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ကြည့်ရှုအားပေး

ဇာတ်တော်ကြီးပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဇာတ်သဘင်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် မြန်မာ့ဇာတ်သဘင်ပညာကို မြတ်နိုးလေးစားတန်ဖိုးထားကြသော ပြည်သူများ လာရောက်ကြည့်ရှု အားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်

မန္တလေးတိုင်းကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့တွင် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဇွဲထက်ရှား၊ ကြိုးကြပ်သူ ရတနာတင်လင်း၊ ဥဂ္ဂသေနမင်းသားအဖြစ် ပန်တျာဝေယံဦး၊ ယုဇနမင်းသမီးအဖြစ် ဒေါ်နီနီအောင်နှင့် ဇာတ်ပို့ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ထားကြပြီး ဝိုင်းတော်တီး ဂီတမှူး ပစ်တိုင်းထောင်ဆိုင်းအဖွဲ့က ပံ့ပိုးတီးမှုတ်ပေးကာ တဏှာနောက်သို့ လိုက်မှားမိခြင်းကို ရှောင်ကြဉ်၍ ခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပညာကို ရှာဖွေနိုင်ခြင်း၊ ပညာမာနဖြင့် အတ္တကြီးမားမှုကို ရှောင်ကြဉ်ရန်လိုခြင်း၊ လောကရှိ အရာအားလုံးတို့သည် မမြဲခြင်းဟူသော တရားတို့ကို သိရှိနားလည် ဆင်ခြင်နိုင်ခြင်း စသည့် ဥဂ္ဂသေနဇာတ်တော်ကြီး၏ ရည်ရွယ်ချက်များကို သရုပ်ဖော်ကပြ ယှဉ်ပြိုင်တင်ဆက်သွားသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်

၂၃-၁၀-၂၀၀၉

ညောင်လေးပင်	၄ ဒသမ	၀၂ လက်မ
ဖြူး	၂ ဒသမ	၄၈ လက်မ
ပြင်ဦးလွင်	၁ ဒသမ	၁၈ လက်မ
ရွှေကျင်	၁ ဒသမ	၁၀ လက်မ
မင်းကင်း	၀ ဒသမ	၇၉ လက်မ
မချမ်းဘော	၀ ဒသမ	၆၃ လက်မ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားသို့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် အောက်တိုဘာ၂၀ရက် ညနေ၄နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ ကောင်စစ်ဝန်ချုပ်ရုံးများအတွက် လျာထားမြေနေရာရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ကောင်စစ်ဝန်ချုပ်ရုံးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင် Mr. Wen Ka Hua၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရအဖွဲ့ အတွင်းရေးမှူး Mr. Wang Yue Fei နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိလာကြရာ ကောင်စစ်ဝန်ချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူလေးများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးနှင့် ဒေသအကြီးအကဲများက ပြည်ထောင်စုမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နန်နင်းမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံးကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိတ်ဆက်ပေး

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ရှေးဦးစွာအခမ်းအနားမှူးက အတွင်းရေးမှူး(၁) ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသူများအား မိတ်ဆက်ပေးသည်။

ယင်းနောက် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao က မြန်မာကောင်စစ်ဝန်ချုပ်ရုံးအတွက် မော်တော်ယာဉ် တစ်စီးကို လက်ဆောင်အဖြစ်ပေးအပ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက လက်ခံသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးနှင့် ဒေသအကြီးအကဲများက မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးတို့က မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာကောင်စစ်ဝန်

ချုပ်ရုံး အဆောက်အအုံရှေ့တွင် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သဘောတူစာချွန်လွှာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ရန် သဘောတူစာချွန်လွှာ လဲလှယ်ခြင်းအခမ်းအနားကို နံနက် ၈နာရီ ၁၀မိနစ်တွင် နန်နင်းမြို့ Liyuan Resort ဧည့်ရိပ်သာ အမှတ်(၁၃) မြေညီထပ်ဧည့်ခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Wu Dawei၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Chenwu၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင် Mr. Wen Ka Hua၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Yang Jian တို့က နန်နင်းမြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်ရန် သဘောတူစာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သဘောတူ စာချွန်လွှာ လဲလှယ်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နန်နင်းမြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံးကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံနန်နင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၀ရက် မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ Nanning Hi-Tech Development Zone သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား Nanning Hi-Tech Development Zone မှ ဒုတိယ ညွှန်ကြားရေးမှူး Mr. He Xiang နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဇုန်ဝန်ဆောင်မှုရုံးခန်းမဆောင်၌ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ အုပ်ချုပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး Mr. Chen Ke Cheng နှင့် တာဝန်ရှိသူများက Nanning Hi-Tech Development Zone စတင်တည်ထောင်ခဲ့မှု၊ ဧရိယာ အကျယ်အဝန်း၊ ထုတ်လုပ်လျက်ရှိသည့် ကုန်ပစ္စည်းအမျိုးအစားများနှင့် ထုတ်လုပ်နိုင်မှုပမာဏတို့ကို ရှင်းလင်းပြောကြားကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်း ပြသထားသော ဇုန်အတွင်းရှိ ကုမ္ပဏီ

များက ထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ဇီဝနည်းပညာသုံးပစ္စည်းများ၊ စားသောက်ကုန်များ၊ ယာဉ်အပိုပစ္စည်းများနှင့် စက်ကိရိယာများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ပြည်ထောင်စုမြန်မာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွ
ပြည်ထောင်စုမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Nanning Hi-Tech Development Zone အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံနန်နင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၀ရက် မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ Nanning Hi-Tech Development Zone သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား Nanning Hi-Tech Development Zone မှ ဒုတိယ ညွှန်ကြားရေးမှူး Mr. He Xiang နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဇုန်ဝန်ဆောင်မှုရုံး ခန်းမဆောင်၌ ကွမ်ရှီးကျွမ်း ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ အုပ်ချုပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး Mr. Chen Ke Cheng နှင့် တာဝန်ရှိသူများက Nanning Hi-Tech Development Zone စတင်တည်ထောင်ခဲ့မှု၊ ဧရိယာ အကျယ်အဝန်း၊ ထုတ်လုပ်လျက်ရှိသည့် ကုန်ပစ္စည်းအမျိုးအစားများနှင့် ထုတ်လုပ်နိုင်မှုပမာဏတို့ကို ရှင်းလင်းပြောကြားကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်း ပြသထားသော ဇုန်အတွင်းရှိ ကုမ္ပဏီများက ထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ဇီဝနည်းပညာသုံးပစ္စည်းများ၊ စားသောက်ကုန်များ၊ ယာဉ်အပိုပစ္စည်းများနှင့် စက်ကိရိယာများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

အဆိုပါ Nanning Hi-Tech Development Zone ကို နန်နင်းမြို့တွင် ၁၉၈၈ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၁၉၉၂ခုနှစ်တွင် နိုင်ငံတော်ကောင်စီက အမျိုးသား အဆင့်မြင့် နည်းပညာဇုန်အဖြစ် မြှင့်တင်သတ်မှတ်ခဲ့သည်။ ဇီဝအင်ဂျင်နီယာနှင့် ဆေးဝါးထုတ်လုပ်ရေး၊ စားသောက်ကုန်၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများ၊ စက်မှုနှင့် အီလက်ထရွန်နစ် ပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီများအတွက် အဆင့်မြင့်နည်းပညာများကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရှိရသည်။

ရှင်းလင်းပြောကြား

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် Huang Shi Dairy စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံ ဒုတိယမန်နေဂျာချုပ် Mr. He Hai Yan နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စက်ရုံမှထုတ်လုပ်သည့် နို့ထွက်ပစ္စည်း အမျိုးအမည်များ၊ ဈေးကွက်ရရှိမှုနှင့် စက်ရုံတည်ထောင်လုပ်ကိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်း ပြောကြားကြသည်။

ထို့နောက်စက်ရုံအတွင်း ကုန်ပစ္စည်းထုတ်လုပ်မှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး စက်ရုံခန်းမ၌ ပရိဂျက်တာဖြင့် စက်ရုံအကြောင်း ရှင်းလင်းပြသမှုကို ကြည့်ရှုကြသည်။

ယင်းနောက် အတွင်းရေးမှူး (၁) က စက်ရုံ ဒုတိယမန်နေဂျာချုပ်အား အမှတ်တရလက်ဆောင်ကို ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Nanning Hi-Tech Development Zone တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Nanning Hi-Tech Development Zone တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ဖွင့်လှစ်လိုက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံးကို တွေ့ရစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာမည်

ရန်ကုန် အောက်တိုဘာ ၂၃

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင်နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့်သာယာနေသည်။

အောက်တိုဘာ ၂၄ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဆဋ္ဌမနေ့ပြိုင်ပွဲများ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆဋ္ဌမနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမနှင့် စာသင်ခန်းမ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်တောသုတေသန စုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမနှင့် သင်တန်းခန်းမ၊ နေပြည်တော်ရှိ အမှတ် (၇) တည်းခိုရေးစခန်း သင်တန်းခန်းမတို့၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

အားပေးကြည့်ရှု

အဆိုပါပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဦးရန်နိုင်ဦးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဇဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ချစ်ခင်မြတ်နိုးကြသော ပြည်သူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး ဒေါ်မေပြုံးခိုင်နှင့် ဇဟိုအကဲဖြတ်ပညာရှင်များက ကြီးကြပ်၍ ခေတ်ဟောင်းကာလပေါ်အဆိုအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'မိုး'** သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးထွန်းထွန်းဦး၊ စစ်ကိုင်းတိုင်းမှ ဦးအေးချိုထွန်း၊ ရှမ်းပြည်နယ်မှ မောင်ဇင်မင်းထိုက်၊ ချင်းပြည်နယ်မှ မောင်ဟိန်းထက်၊ မွန်ပြည်နယ်မှ ဦးသန်းဝင်းဦး၊ ရန်ကုန်တိုင်းမှ ဦးစောဝင်း၊ ကယားပြည်နယ်မှ ဦးဝင်းအောင်၊ ဧရာဝတီတိုင်းမှ ဦးသန်းဝင်းအောင်၊ ကရင်ပြည်နယ်မှ ဦးသန်းထွန်း၊ ပဲခူးတိုင်းမှ ဦးအောင်ခိုင်၊ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ ကချင်ပြည်နယ်မှ ဦးကျော်ဇင်မော်၊ မကွေးတိုင်းမှ ဦးမျိုးခိုင်၊ မန္တလေးတိုင်းမှ မောင်ဇာနည်ဝင်း၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ညိုနှင့် မောင်ကိုကိုဦးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

သီဆိုပြိုင်ပွဲဝင်

မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲတွင် **'မိုးရေစက်ကလေး ဥပမာတင်'** သီချင်းဖြင့် ကရင်ပြည်နယ်မှ မဝတ်ရည်ထက်၊ ဧရာဝတီတိုင်းမှ မသိန်းသိန်းဌေး၊ ရန်ကုန်တိုင်းမှ မသီရိစုဝေ၊ မွန်ပြည်နယ်မှ မအိမြတ်မြတ်ဖြိုး၊ မကွေးတိုင်းမှ မဟေမာသက်ပိုင်ကျော်၊ ရှမ်းပြည်နယ်မှ မမျိုးနှင်းသဇင်၊ ကချင်ပြည်နယ်မှ မဟေမာန်စိုးမိုး၊ ပဲခူးတိုင်းမှ မပပဝင်းဖြူ၊ ချင်းပြည်နယ်မှ မအိအိပြုံး၊ ရန်ကုန်တိုင်းမှ မမိုးမိုးသူဇာ၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ မန္တလေးတိုင်းမှ မနန်းအိမွန်၊ ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်၊ မန္တလေးတိုင်းမှ မခင်သီတာမြိုင်နှင့် ကယားပြည်နယ်မှ မချောစုတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ဆဋ္ဌမနေ့ အစီအစဉ်များကို ရပ်နားသည်။

အကပြိုင်ပွဲ

အကပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက်၅နှစ်မှ ၁၀နှစ်) အမျိုးသား အကပြိုင်ပွဲကို နံနက်၉နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင်ခေါင်းဆောင်သောအဖွဲ့ဝင်များနှင့် ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြပြီး ကချင်ပြည်နယ်မှ မောင်ဟိန်းထက်အောင်၊ ရန်ကုန်တိုင်းမှ မောင်သွင်ဖုန်းခန့်ဇော်၊ မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်၊ ကရင်ပြည်နယ်မှ မောင်စောအိန်ဖူးကျော်၊ ဧရာဝတီတိုင်းမှ မောင်မာန်ဟိန်း၊ ချင်းပြည်နယ်မှ မောင်အေးချမ်းအောင်၊ ကရင်ပြည်နယ်မှ မောင်စောထွန်းနောင်၊ တနင်္သာရီတိုင်းမှ မောင်ဘုန်းပြည့်ပိုင်ပိုင်ထူး၊ မကွေးတိုင်းမှ မောင်ရှိုင်းဝေယံဖြိုး၊ ရန်ကုန်တိုင်းမှ မောင်ဟိန်းစိုးအောင်(ခ) စုပုံချစ်၊ မန္တလေးတိုင်းမှ မောင်ဖြိုးထက်ထက်၊ တနင်္သာရီတိုင်းမှ မောင်ညီညီဇွဲ၊ ကချင်ပြည်နယ်မှ မောင်သိန်းသန်းထွန်း၊ ရခိုင်ပြည်နယ်မှ မောင်ပိုင်ပိုင်ဇော်သစ်၊ ရခိုင်ပြည်နယ်မှ မောင်စည်သူစိုး၊ မန္တလေးတိုင်းမှ မောင်ဇော်မြင့်၊ ရှမ်းပြည်နယ်မှ မောင်ထက်အောင်ရှိုင်း၊ ရှမ်းပြည်နယ်မှ မောင်ဝင်းဗိုလ်နှင့် စစ်ကိုင်းတိုင်းမှ မောင်သိန်းဇော်ဦးတို့ ပြိုင်ပွဲဝင်ကြကာ နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် အကပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲကို ကျင်းပရာ ချင်းပြည်နယ်မှ မသန္တာဝင်း၊ ပဲခူးတိုင်းမှ မအိအိလင်း၊ ကချင်ပြည်နယ်မှ မမေပွင့်စိုး၊ ကရင်ပြည်နယ်မှ နန်းသူဇာခိုင်၊ မကွေးတိုင်းမှ မကြူကြူဝင်း၊ ရန်ကုန်တိုင်းမှ မဝင့်ရွှေရည်ဝင်း၊ စစ်ကိုင်းတိုင်းမှ မမေသကြိန်၊ မွန်ပြည်နယ်မှ မခင်သန္တာထွန်း၊ မန္တလေးတိုင်းမှ မသန္တာဌေး၊ မန္တလေးတိုင်းမှ မဝေနှင်းဖွေး၊ ဧရာဝတီတိုင်းမှ မနော်ဆဖောမူး၊ ရန်ကုန်တိုင်းမှ မသူဇာဝင်းနှင့် ရခိုင်ပြည်နယ်မှ မစုစုဝင်းတို့ ပြိုင်ပွဲဝင်ကြပြီး ဆဋ္ဌမနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားသည်။

အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီး အရေးသီချင်းပြိုင်ပွဲကို နံနက် ၉နာရီတွင် အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပရာ အရေးသီချင်း အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လတ်နှင့် အကဲဖြတ်ပညာရှင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'စည်းလုံးညီညွတ်ခြင်းဖြင့် နိုင်ငံတော်သစ်သို့'** ခေါင်းစဉ်ဖြင့် ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ မန္တလေးတိုင်းမှ ဦးကိုကိုဦး၊ ရန်ကုန်တိုင်းမှ ဦးထွန်းသန်း(ခ)ဦးသိန်းတန်၊ ရှမ်းပြည်နယ်မှ ဒေါ်နန်းအေးအေးကြိုင်၊ ပဲခူးတိုင်းမှ ဦးကျော်ခင်၊ မန္တလေးတိုင်းမှ ဦးမြင့်ဆွေ၊ စစ်ကိုင်းတိုင်းမှ ဦးသောင်းဒန်နှင့် မကွေးတိုင်းမှ ဦးသိုက်ထွန်းတို့ အရေးသီချင်း ယှဉ်ပြိုင်ကြပြီး နံနက်ပိုင်းပြိုင်ပွဲ အစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီး အရေးသီချင်းပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ်မှ ဦးတင်မောင်ငြိမ်း၊ ကရင်ပြည်နယ်မှ ဒေါ်ကျင်မြိုင်၊ ချင်းပြည်နယ်မှ မောင်လင်းဟိန်း၊ ရန်ကုန်တိုင်းမှ ဦးသန်းဝင်း၊ ဧရာဝတီတိုင်းမှ ဦးသိန်းစိုးနှင့် တနင်္သာရီတိုင်းမှ ဦးသန်းကျော်တို့ အရေးသီချင်း ယှဉ်ပြိုင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ပတ္တလားအတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမြစတင်းနှင့်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'မှိုင်းပြာမှုန်ဝေ'** (ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မသဥ္ဇာမျိုး၊ မွန်ပြည်နယ်မှ မဘိုမ၊ ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်းနှင့် မပေါက်ကျော်မတို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် **'လူမနော'** (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူ၊ စစ်ကိုင်းတိုင်းမှ မောင်ထိန်လင်းအောင်၊ မန္တလေးတိုင်းမှ မောင်ဇော်ဇော်အောင်၊ ကချင်ပြည်နယ်မှ မောင်ဉာဏ်လင်းထွဋ်၊ မွန်ပြည်နယ်မှ မောင်မင်းအောင်ကျော်၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုဇော်၊ ရန်ကုန်တိုင်းမှ မောင်စောပိုင်နှင့် မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး ဆဋ္ဌမနေ့ အစီအစဉ်များကို ရပ်နားသည်။

အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီး တယောပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မအေးလင်းသူ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

တယောပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား တယောပြိုင်ပွဲကို နံနက် ၉နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ တယောပြိုင်ပွဲ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးတင်ငွေနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ညဥ့်သုံးယံခါ'**(ပတ်ပျိုး) ဖြင့် ရန်ကုန်တိုင်းမှ ဦးတင်ရှိန်နှင့် ဦးယုမောင်၊ မကွေးတိုင်းမှ ဦးရဲမြင့်၊ မန္တလေးတိုင်းမှ ဦးအောင်နိုင်ဦးနှင့် ဦးအေးမောင်(ခ) ရတနာပုံ၊ ဧရာဝတီတိုင်းမှ ဦးသက်အောင်စိုးနှင့် ပဲခူးတိုင်းမှ ဦးသန်းရှိန်တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး တယောပြိုင်ပွဲတွင် **'ဘုန်းမိုးသွန်းလောင်း'** (သီချင်းခံ) ဖြင့် ကချင်ပြည်နယ်မှ ဒေါ်နှင်းနှင်းဝေ၊ ကယားပြည်နယ်မှ ဒေါ်နော်မူယယ်စေး၊ ရန်ကုန်တိုင်းမှ မရွှေရင်ငြိမ်းနှင့် ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်းတို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ၁နာရီတွင်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသား တယောပြိုင်ပွဲတွင် **'စကားဝါမြေ'** (ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မင်းသုခ၊ ကချင်ပြည်နယ်မှ မောင်ယောဘနှင့် မန္တလေးတိုင်းမှ မောင်မျိုးသီဟကိုတို့ ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီး တယောပြိုင်ပွဲတွင် **'သိင်္ဂါရွှေရောင်'** (ပတ်ပျိုး)ဖြင့် ရန်ကုန်တိုင်းမှ မနော်သင်းသင်းလှ၊ ကချင်ပြည်နယ်မှ မအေးလင်းသူ၊ ရန်ကုန်တိုင်းမှ မစံပယ်ဖူးနှင့် မန္တလေးတိုင်းမှ မပန်ပန်ရွှေစိုးတို့ ပြိုင်ပွဲဝင်ကြပြီး ဆဋ္ဌမနေ့ ပြိုင်ပွဲအစီအစဉ်များ ရပ်နားသည်။

အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒုံမင်းအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမြင့်စိန်နှင့် အကဲဖြတ် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'မိုး'** (ကာလပေါ်) သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးမြင့်သိန်း၊ ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်း၊ မန္တလေးတိုင်းမှ ဦးတင်ရှိန်၊ ရန်ကုန်တိုင်းမှ မောင်စိုင်းကျော်ထူး၊ ရှမ်းပြည်နယ်မှ ဦးသန်းဝင်း၊ မွန်ပြည်နယ်မှ ဦးနိုင်ဦး၊ မန္တလေးတိုင်းမှ ဦးမင်းဂေါင်စိုး၊ ဧရာဝတီတိုင်းမှ ဦးမိုးဝေ၊ ချင်းပြည်နယ်မှ ဦးကြည်ဝင်းနှင့် ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ဒုံမင်း အတီးပြိုင်ပွဲတွင် **'ဧယျာအောင်ခြာ'** (ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်၊ ဧရာဝတီတိုင်းမှ မရွှေဝင့်ထယ်ကို၊ ရန်ကုန်တိုင်းမှ မသင်းသင်းမြတ်၊ ပဲခူးတိုင်းမှ မဆုပြည့်ဖြိုးနှင့် မန္တလေးတိုင်းမှ မအိအိချောတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ၂၀နှစ်) အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲတွင် **'တောနှင့်တောင်စွယ်'** (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မစုမြတ်နိုးနှင့် မခင်မြင့်မြတ်မောင်(ခ) ခင်မြန်မာ၊ မကွေးတိုင်းမှ မနန်းကြာညိုကြော့တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး ဆဋ္ဌမနေ့ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

ဆိုင်း(တစ်ဦးချင်း)

အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဆိုင်း(တစ်ဦးချင်း) ပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် ဇဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'နံ့သာနီတောင်'**(ပတ်ပျိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးကျော်စိုးဟန်၊ စစ်ကိုင်းတိုင်းမှ ဦးဆိုင်းဗိုလ်၊ ချင်းပြည်နယ်မှ မောင်မျိုး(ခ)စတား၊ ရန်ကုန်တိုင်းမှ ကိုသူ၊ မွန်ပြည်နယ်မှ စိန်ကျော်ရဲ၊ ဧရာဝတီတိုင်းမှ ဦးဝင်းနောင်၊ ရန်ကုန်တိုင်းမှ ဦးစိန်ပေါက်စီ၊ ကရင်ပြည်နယ်မှ ဦးအေးကို(ခ)ဦးအုန်းသီး၊ မကွေးတိုင်းမှ ဦးချစ်ဝင်းလှိုင်၊ ကယားပြည်နယ်မှ ဦးစန်းလွင်၊ မန္တလေးတိုင်းမှ ဦးမြင့်လွင်(ခ) နေမင်းအောင်နှင့် ဦးကျော်မိုးနိုင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းပြိုင်ပွဲအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲကို ကျင်းပရာ **'မြန်မြေနယ်ဇမ္ဗူဘောင်'** (မြင်းခင်းကြိုး) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မောင်အောင်မင်းထူး၊ ရန်ကုန်တိုင်းမှ မောင်စိုးသီဟနှင့် မောင်ထက်အာကာ၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။ **(သတင်းစဉ်)**

(၁၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၇။	၂၄-၁၀-၂၀၀၉ (စနေနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊မဟာဂီတ အဆို၊ မဟာဂီတ	အခြေခံပညာအသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း) (အမျိုးသမီး) အဆင့်မြင့်ပညာ (အမျိုးသား)	၀၉း၀၀ ၁၃း၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	ကွက်စိပ် ဇာတ်သဘင်	ဝါသနာရှင်(ပထမတန်း)(တေမိယဇာတ်) ဥဂ္ဂသေနဇာတ် (ရန်ကုန်)	၀၉း၀၀ ၁၉း၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး (မယ်ဒလင်) အတီး (မယ်ဒလင်)	အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား) (အမျိုးသမီး) ဝါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး (ဂီတာ) အတီး (ဂီတာ) အတီး (ဂီတာ)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) အဆင့်မြင့်ပညာ (အမျိုးသား)(အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀ ၁၃း၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး (နှဲ) အတီး (နှဲ) အတီး (နှဲ)	အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)	၀၉း၀၀ ၀၉း၀၀ ၁၃း၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)	အတီး (ဆိုင်းအဖွဲ့လိုက်) အတီး (ဆိုင်းအဖွဲ့လိုက်)	အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)	၀၉း၀၀ ၁၃း၀၀
		အမှတ်(၇) တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အရေး (သီချင်းပြိုင်ပွဲ)	ဝါသနာရှင်(ပထမတန်း)၊ (အမျိုးသား) (အမျိုးသမီး)	၀၉း၀၀

မြန်မာ့အနုပညာဂုဏ်ဒြပ်ကို ထင်ဟပ်စေသည့်ဇာတ်တော်ကြီးပြိုင်ပွဲ

အနုပညာမြင်ကွင်း-မောင်မောင်မြင့်ဆွေ ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၃(ဖက်စ်)

ဇာတ်တော်ကြီးပြိုင်ပွဲ ကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ ညနေပိုင်း အချိန်ကပင် ပရိသတ်များ ခန်းမပြည့် ဖြစ်နေသည်။ ပြည်နယ်နှင့်တိုင်း အသီးသီးမှ လေ့လာရေး အဖွဲ့ဝင်များကိုလည်း တွေ့ရသည်။ ဥဂ္ဂသေန ဇာတ်တော်ကြီးကို မန္တလေးတိုင်း ကိုယ်စားပြုအဖွဲ့က ယှဉ်ပြိုင်မည် ဖြစ်ရာ ပရိသတ်များ စည်ကားနေပြီ ဖြစ်သည်။

တွေ့ဆုံ

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဇာတ်တော်ကြီးပြိုင်ပွဲကျင်းပရာ နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ မြန်မာ့အလင်းအဖွဲ့ ရောက်ရှိခဲ့သည်။ ပြိုင်ပွဲမကျင်းပမီ ဇာတ်တော်ကြီးပြိုင်ပွဲ အကဲဖြတ်ပညာရှင်တစ်ဦးဖြစ်သူ ဇာတ်

"အခုလို နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးမှာ ဝင်နွှဲခွင့်ရလို့ ဂုဏ်ယူပီတိဖြစ်ရပါတယ်"
နီနီအောင် (ကျောက်ပန်းတောင်း)
မန္တလေးတိုင်း။

မင်းသားကြီး ရွှေနန်းတင်နှင့် တွေ့ဆုံခဲ့ရာ "ဘဘက အသက် ၈၁နှစ်ရှိပြီ။ ဒီနှစ်ပြိုင်ပွဲမှာတော့ ဇာတ်တော်ကြီး၊ ကွက်စိပ်နဲ့ရုပ်သေးပြိုင်ပွဲတွေမှာ အကဲဖြတ် ပညာရှင်အနေနဲ့တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။ ဘဘတို့ အနေနဲ့ ၂၀၀၄ ခုနှစ်အထိ နိုင်ငံတော်အတွက် အနုပညာ တင်ဆက်မှုတွေ လုပ်ခဲ့တယ်။ အခုတော့ နားလိုက်ပါပြီ။ အခု ဇာတ်တော်ကြီး ပြိုင်ပွဲဝင်အဖွဲ့တွေကို သုံးသပ်ရရင် အားလုံးတော်ကြပါတယ်။ ဇာတ်ကို နိုင်နိုင်နင်းနင်း ကပြနိုင်ကြပါတယ်။ အချို့အဖွဲ့တွေအနေနဲ့ လိုအပ်ချက်၊ အားနည်းချက်ရှိတာ တွေ့ရပေမယ့် ဒါတွေက ဖြစ်တတ်လေ့ရှိတဲ့ သဘောပါ၊ လူငယ်တွေ ကြိုးစားကြတာတွေ့ရတော့ ဘဘတို့ အနေနဲ့ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဒီလို နိုင်ငံတော်အဆင့်ပြိုင်ပွဲတွေ အဆက်မပြတ် ကျင်းပပေးနေတာဟာ မြန်မာ့အနုပညာအတွက် အထိရောက်ဆုံး ချီးမြှောက်မှုပါပဲ" ဟု ဝမ်းသာအားရ ပြောပြသည်။ မြန်မာ့ဇာတ်သဘင်လောက၌ အောင်မြင်ကျော်ကြားခဲ့သော ဇာတ်မင်းသားကြီး ဘဘရွှေနန်းတင်မှာ ကျန်းမာရေး ကောင်းမွန်ကာ မကြာခင် ပြိုင်ပွဲဝင်တော့မည့် မန္တလေးတိုင်း ကိုယ်စားပြုအဖွဲ့၏ ဥဂ္ဂသေန ဇာတ်တော်ကြီး ယှဉ်ပြိုင်မှုကို အကဲဖြတ် အမှတ်ပေးရန် အသင့်ရှိနေသည်။

ပြိုင်ပွဲ ခန်းမအတွင်း ပရိသတ်များ အပြည့်ဖြစ်နေသော်လည်း လေအေးစက်များ တပ်ဆင်ထားသဖြင့် ကြည့်ရှုအားပေးရသည်မှာ သက်သောင့်သက်သာရှိသည်။ မကြာမီ မန္တလေးတိုင်း ကိုယ်စားပြုအဖွဲ့၏ ဥဂ္ဂသေနဇာတ်တော်ကြီး ယှဉ်ပြိုင်မှု စတင်လေသည်။

စွမ်းဆောင်နိုင်

ဥဂ္ဂသေန မင်းသားအဖြစ် ပန်တျာဝေယံဦး၊ ယုဇန မင်းသမီးအဖြစ် နီနီအောင် (ကျောက်ပန်းတောင်း)၊ နာဋကဇာတ်ဆရာအဖြစ် ဦးသော်တာ၊ ဘောဂသေဋ္ဌေးသူဌေးအဖြစ် ဦးနန်းဝေ၊ ပုဏ္ဏားနဒီအဖြစ် ဒေါ်မြမာလာနှင့် ပွဲပိုး

"ဒီလိုနိုင်ငံတော်အဆင့် ပြိုင်ပွဲတွေ အဆက်မပြတ် ကျင်းပပေးနေတာဟာ မြန်မာ့အနုပညာအတွက် အထိရောက်ဆုံး ချီးမြှောက်မှုပါပဲ"
ဦးရွှေနန်းတင်
ဇာတ်တော်ကြီးပြိုင်ပွဲ
အကဲဖြတ်ပညာရှင်

ဆိုင်းပညာရှင်အဖြစ် ဦးပစ်တိုင်းထောင် အဖွဲ့က တာဝန်ယူ တီးမှုတ်ပေးကာ ပြိုင်ပွဲဝင်ကြသည်။

ခံစားနစ်မြော

ဥဂ္ဂသေနမင်းသား (ပန်တျာဝေယံဦး)နှင့် ယုဇနမင်းသမီး နီနီအောင် (ကျောက်ပန်းတောင်း)တို့ တွေ့ဆုံချစ်ကြိုက်အိမ်ထောင်ကျပုံ၊ သားသမီး တစ်ဦးထွန်းကားပြီးနောက် ယောက္ခမဖြစ်သူ မကြည်ဖြူသဖြင့် ယုဇနမင်းသမီးက စောင်းမြောင်းပြောကြားမှုကြောင့် စိတ်နာကာ အိမ်မှထွက်ခွာသွားပြီး ပညာသင်ကြားခန်း၊ ယုဇနမင်းသမီး လွမ်းဆွတ်ခန်းတို့ကား ပရိသတ်စိတ်နှလုံးကို ဆွဲကိုင်လှုပ်ရှမ်းနိုင်စွမ်း ရှိလေသည်။ ပရိသတ်ကြီးကားငြိမ်သက်ကာ ဇာတ်ဝင်ခန်းများနှင့်အတူ ခံစားနစ်မြောလျက်ရှိသည်။

ထို့နောက် ဥဂ္ဂသေန မင်းသား တိုင်ထိပ်၌ ကျွမ်းဘားထိုး အကကျွမ်းကျင်မှုကြောင့် နာမည်ကျော်ကြားမှု ဇာတ်ဝင်ခန်း၊

မန္တလေးတိုင်းကိုယ်စားပြု ဥဂ္ဂသေနဇာတ်တော်ကြီး၏ ဇာတ်ဝင်ခန်း တစ်ခန်း။
(မြန်မာ့အလင်း)

နာမည်ကျော်ကြား အောင်မြင်မှုနှင့်အတူ စိတ်ပြောင်းမှု ဇာတ်ဝင်ခန်းတို့ကို အပိုအလိုမရှိ သရုပ်ဆောင်နိုင်ကြပြီး ယုဇနမင်းသမီး နီနီအောင်(ကျောက်ပန်းတောင်း) ကလည်း ပီပြင်သော၊ ထိမိသောအငို၊အပြော၊ အလွမ်း ဇာတ်ဝင်ခန်းများဖြင့် ပီပီပြင်ပြင်သရုပ်ဆောင်နိုင်ရာ ပရိသတ်များစိတ်ကို ထိခိုက်မှုဖြစ်အောင် စွမ်းဆောင်နိုင်လေသည်။

လက်ခုပ်သံ

ထို့နောက် အတောင်၆၀ အမြင့် တိုင်ထိပ်၌ အံ့သြဖွယ်ကျွမ်းဘားအကများဖြင့် ကပြနိုင်ခြင်းကြောင့် မာနတံခွန်ထူနိုင်ခဲ့သော ဥဂ္ဂသေနမင်းသားသည် တိုင်ထိပ်ပေါ်၌ ကပြရင်း ဗုဒ္ဓ၏တရားအလင်းရောင်ကို သိရှိပြီး သတိသံဝေဂတရားများ ရရှိကာ အကျွတ်တရားရရှိခဲ့မှုများကို အပိုအလိုမရှိ သရုပ်ဆောင်တင်ဆက်သွားနိုင်ခဲ့သည်။ ပရိသတ်များအားပေးမှု လက်ခုပ်သံကားအချိန်အတန်ကြာသည်အထိ လက်ခုပ်သံမစဲ။

ဥဂ္ဂသေနဇာတ်တော်ကြီး၏ အနှစ်သာရဖြစ်သော ပညာလိုအိုသည်မရှိ၊ ဖွဲလုံ့လ ဝီရိယဟူသည်အချိန်အခါမရွေး၊ အရွယ်မရွေး ကျင့်သုံးအပ်သည့် အရာဖြစ်ခြင်း၊ လောက၌ အရာအားလုံးမမြဲခြင်း သဘော

တရားကို သိရှိနားလည်စေခြင်း စသည့် ပြကွက်များကို ပါဝင်သရုပ်ဆောင်သူများစွာဖြင့် မန္တလေးတိုင်းကိုယ်စားပြု ပန်တျာဝေယံဦးအဖွဲ့က တင်ဆက်သွားမှုမှာ မြိုင်မြိုင် ဆိုင်ဆိုင် ရှိလှသည်။

ဂုဏ်ယူ

ထို့နောက် ဥဂ္ဂသေနဇာတ်တော်ကြီး ပြိုင်ပွဲယှဉ်ပြိုင်ပြီးနောက် မင်းသားပန်တျာဝေယံဦးကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်အစွမ်းကုန်ကြိုးစားပြီးသရုပ်ဆောင်ခဲ့တာပါ။ ဇာတ်ဝင်ခန်းတိုင်းကို အားထည့်ပြီး ယှဉ်ပြိုင်ခဲ့လို့ ကျေနပ်အားရပါတယ်။ အားပေးကြည့်ရှုတဲ့ ပရိသတ်တွေလည်း ကျေနပ်နိုင်

"ဇာတ်ဝင်ခန်းတိုင်းကို အားထည့်ပြီး ယှဉ်ပြိုင်ခဲ့လို့ ကျေနပ်အားရပါတယ်"
ပန်တျာဝေယံဦး
မန္တလေးတိုင်း။

လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အကောင်းဆုံးဆုကို မမျှော်မှန်းရဲပေမယ့် ရွေးချယ်ချီးမြှင့်ရင်တော့ ဂုဏ်ယူလို့ မဆုံးနိုင်တော့ပါဘူး" ဟု ဖြေကြားသွားသည်။

တစ်ဖန် ယုဇနမင်းသမီးအဖြစ် သရုပ်ဆောင်သူ နီနီအောင် (ကျောက်ပန်းတောင်း)ကလည်း "ဇာတ်ဝင်ခန်းတိုင်းမှာ အားရပါတယ်။ ဥဂ္ဂသေနမင်းသား အိမ်ကထွက်ခွာပြီး အကပညာသွားသင်နေချိန် လွမ်းဆွတ်ခန်းကတော့ စိတ်တိုင်းကျအောင် သရုပ်ဆောင်နိုင်ခဲ့တယ်။ အချိန်ယူလေ့ကျင့်ခဲ့လို့ ဇာတ်အဖွဲ့သားတွေ အမှားနည်းအောင် တင်ဆက်ကပြနိုင်ခဲ့တာမို့ ကျေနပ်ပါတယ် အခုလို နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးမှာ ဝင်နွှဲခွင့်ရလို့ ဂုဏ်ယူပီတိဖြစ်ရပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောပြသွားသည်။

ဇာတ်တော်ကြီးပြိုင်ပွဲ ကျင်းပရာ ခန်းမမှပြန်အထွက် အမှောင်ထုကကြီးစိုးနေပြီဖြစ်သည်။ လမ်းတစ်လျှောက် ဇာတ်တော်ကြီးပြိုင်ပွဲကို လာရောက်အားပေးကြည့်ရှုပြီး ပြန်ကြသည့်ပရိသတ်များအား မပြတ်တမ်းတွေ့ရသည်။ ဇာတ်တော်ကြီးပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးနိုင်မှုကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာသည် ထည်ထည်ဝါဝါ ဂုဏ်တင့်စွာဖြင့် နောင်နှစ်ပေါင်းများစွာ တည်ရှိနေမည်ဟု အပြန်လမ်းတစ်လျှောက် တွေးမိနေပါတော့သည်။ ။

(မြန်မာ့အလင်း)

ဒြိမ့်ဒြိမ့်သဲသဲဆင်နွှဲကြမည့် တောင်ကြီးတန်ဆောင်တိုင်ပွဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံ-နိုင်ထွန်း(တောင်ကြီးကိုယ်ပွား) စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

တောင်ကြီး အောက်တိုဘာ ၂၃ (ဖက်စ်)

တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကား ကျင်းပတော့မည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ကျော်ကတည်းက ရိုးရာစဉ်လာမပျက် ထူးထူးခြားခြားခမ်းခမ်းနားနား ကျင်းပလာခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ တောင်ကြီးမြို့၏ တန်ဆောင်တိုင်ပွဲတွင် ထူးခြားချက်များ ရှိပေသည်။ ပထမ အချက်က ၁၉၇၄ခုနှစ်ကစတင်ပြီး ကျင်းပလာခဲ့သည့် မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲ၊ ဒုတိယအချက်က လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ကျော်ကတည်းက လွှတ်တင်ပူဇော်ခဲ့ကြသည့် မီးပုံးပျံပြိုင်ပွဲ၊ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြို့တွင်းလှည့်လည်ပြီး ပူဇော်သည့် မီးပဒေသာပြိုင်ပွဲတို့သည် တောင်ကြီးတန်ဆောင်တိုင်နှင့် ခွဲခြားမရသော ပွဲတော်များပင်ဖြစ်ပေသည်။

ယခုနှစ်တွင်လည်း တန်ဆောင်တိုင်နှင့် မီးပုံးပျံလွှတ်တင်ပွဲကို အောက်တိုဘာ ၂၅ရက် (၁၃၇၁ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်)မှ နိုဝင်ဘာ ၂ရက်(တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်)အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပွဲတော်တွင် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲ(နေ့/ည)အား အဝေယာကုန်းသာယာကွင်းသစ်ကြီးတွင် ကျင်းပမည်ဖြစ်ပြီး မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ ရိုးရာခြင်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မီးပဒေသာ လှည့်လည်ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ယခုနှစ် မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီး ၅၅လုံး၊ စိန်နားပန် ၃၇လုံး၊ အရုပ်မျိုးစုံ ၃၀၇လုံးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်၍ ယခင်နှစ်များထက် မြိုင်မြိုင်ဆိုင်ဆိုင်ရှိပေမည်။ ဖွင့်ပွဲကျင်းပမည့် အောက်တိုဘာ ၂၅ရက်တွင်လည်း ကျောင်းသား ကျောင်းသူ ၂၀၀၀ကျော်ခန့် ပါဝင်သည့် ဖွင့်ပွဲ သရုပ်ဖော် အကအလှဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် သုံးလက်မ၊ လေးလက်မ၊ ခြောက်လက်မအရွယ်အစားရှိ မီးရှူးမီးပန်းရောင်စုံ အလုံး၅၀၀ကျော်နှင့် ဒေသခံ ယမ်းပညာရှင်များတီထွင်ထားသည့် ခိုပျံ၊ ငါးရှဉ့်၊ မီးရှူးအလုံး၁၀၀၊ မီးရေတံခွန်၅၀ကျော်အား မြို့အရှေ့ဘက် တောင်တန်းနှင့် ပန်းသင့်စွာ ရှုမြင်ရမည်ဖြစ်သည်။

တိုက်ရိုက်

ပွဲတော်ကျင်းပနေမှုကို အိုးမကွာ အိမ်မကွာ ကြည့်ရှု နားသောတဆင်နိုင်ရန်အတွက်လည်း Studio 35 မှ အရုပ်အသံဖြစ်လည်းကောင်း၊ ချယ်ရီအက်ဖ်အမ်မှ အသံဖြင့်လည်းကောင်း နေ့စဉ် ပွဲတော်ကျင်းပနေချိန်တွင် ကွင်းအတွင်းမှ တိုက်ရိုက် ထုတ်လွှင့်ပေးမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း လွှတ်တင်ပြိုင်ပွဲဝင်ကြသည့် ညမီးကြီး၊ စိန်နားပန်၊ နေ့လွှတ်အရုပ်မျိုးစုံ၊ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲနှင့် မီးပဒေသာလှည့်လည်ပွဲ၊ မြို့လုံးကျွတ် မဟာဘုံကထိန် လှည့်လည်ပွဲများကို ဝါသနာအရလည်းကောင်း၊ ပညာရပ်အရလည်းကောင်းရိုက်ကူးပြီး ပြိုင်ပွဲဝင်နိုင်သည့် ဓာတ်ပုံပြိုင်ပွဲကိုလည်း ထည့်သွင်း ကျင်းပမည်ဖြစ်သည်။ ဓာတ်ပုံပြိုင်ပွဲတွင် အလွှတ်တန်းနှင့် လူသစ်တန်းဟူ၍ အတန်းနှစ်တန်းတွင် မီးပုံးပျံ နေ့လွှတ်ပြိုင်ပွဲ၊ ညလွှတ်စိန်နားပန်ပြိုင်ပွဲ၊ ညလွှတ်မီးကြီးပြိုင်ပွဲ၊ မီးပဒေသာပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ခြင်းနှင့် ဆက်ကပ်လှူဒါန်းမှုပြိုင်ပွဲနှင့် မြို့လုံးကျွတ် မဟာဘုံကထိန်ပြိုင်ပွဲဟူ၍ ခွဲခြားထားသည်။ အလွှတ်တန်းတွင် မည်သူမဆို၊ မည်သည့် ကင်မရာနှင့်ဖြစ်စေ ပြိုင်ပွဲဝင်နိုင်ပြီး ဓာတ်ပုံအရွယ်အစား(၁၀ ×၁၄)လက်မအရွယ် ရောင်စုံပုံများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ လူသစ်တန်းတွင် ယခင်နှစ်က ပထမ၊ ဒုတိယ၊ တတိယရရှိသူများနှင့် ဓာတ်ပုံပညာရှင်များ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိဘဲ ဆုကြေးငွေအနေဖြင့် ပညာရှင်အဆင့်တွင် ပထမကျပ် တစ်သိန်း၊ ဒုတိယ ကျပ်ခြောက်သောင်း၊ တတိယ ကျပ်လေးသောင်းနှင့် အထူးဆုများအတွက် ကျပ်သုံးသောင်း၊ ဝါသနာရှင်အဆင့်တွင် ပထမ ကျပ်ခြောက်သောင်း၊ ဒုတိယ ကျပ်လေးသောင်း၊ တတိယ ကျပ်သုံးသောင်းနှင့် အထူးဆုအတွက် ကျပ်နှစ်သောင်းချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများ ပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာ ၁ရက် မွန်းတည့် ၁၂နာရီအရောက် ကိုယ်ရေးရာဇဝင်နှင့်အတူ ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တောင်ကြီးသို့ အချိန်မီပေးပို့ရမည်ဖြစ်သည်။

ဆုကြေးတိုးမြှင့်

ငှင်းအပြင် ညလွှတ်ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်အရေအတွက် များပြားလာခြင်းကြောင့် ဆုကြေးငွေများကိုလည်း တိုးမြှင့်ပေးခဲ့သည်။ ညမီးကြီး ပထမဆု ကျပ်သိန်း၄၀၊ ဒုတိယဆု ကျပ်သိန်း၃၀၊ တတိယဆု ၂၅သိန်း၊ စတုတ္ထဆု ကျပ်သိန်း ၂၀၊ ပဉ္စမဆု ကျပ် ၁၅သိန်း၊ စိန်နားပန်ပထမဆု ကျပ် ၁၅သိန်း၊ ဒုတိယဆု ကျပ် ၁၂သိန်း၊ တတိယဆု ကျပ် ၁၀သိန်း၊ စတုတ္ထဆု ကျပ်ရှစ်သိန်း၊ ပဉ္စမဆု ကျပ်ခြောက်သိန်းနှင့် မီးပဒေသာပြိုင်ပွဲ ပထမဆု ကျပ် ၁၅သိန်း၊ ဒုတိယဆု ကျပ် ၁၂သိန်း၊ တတိယဆု ကျပ် ၁၀သိန်း ချီးမြှင့်မည်ဖြစ်ပြီး အခြားဂုဏ်ပြုဆု၊ အထူးဆုများကိုလည်း ဆုကြေးငွေများ တိုးမြှင့်ထားကြောင်း သိရသည်။

ဒြိမ့်ဒြိမ့်သဲ

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်စေရန်အတွက် ကြည့်ချင်ပွဲများ၊ Iron Cross တေးဂီတအဖွဲ့၊ ဒေသခံ သံလွင်နဒီတေးဂီတအဖွဲ့၊ ဇဟုသုတရစေမည့် ဝန်ကြီးဌာနပြခန်းများဖြင့် ဒြိမ့်ဒြိမ့်သဲသဲ ကျင်းပတော့မည်ဖြစ်ရာ တောင်ကြီး မြို့၏ တန်ဆောင်တိုင်မီးပုံးပျံပွဲကြီးသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ကြည့်ရှုအားပေးနိုင်ကြရန် သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာကြီးပူနွေးလာနေမှုနှင့် ကမ္ဘာ့ရာသီဥတု ထူးကဲစွာပြောင်းလဲဖြစ်ပေါ်လာနေမှု စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၃

သံအမတ်ကြီး ဦးလှမောင်(ဘောဂ) ရေးသားပြုစုသော ကမ္ဘာကြီး ပူနွေးလာနေမှုနှင့် ကမ္ဘာ့ရာသီဥတု ထူးကဲစွာပြောင်းလဲဖြစ်ပေါ်လာနေမှု (Global Warming & World Climate Change) စာအုပ်ကို UNITY စာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ (ယာပုံ)

စာအုပ်ကောင်းတစ်အုပ်

သစ်တောများ ပြုန်းတီးလာမှု၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အလွန်အကျွံထုတ်လွှတ်မှု စသည်တို့ကြောင့် ကမ္ဘာကြီး ပူနွေးလာသည့်အတွက် နောက်ဆက်တွဲ ကြုံတွေ့လာရသော ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများနှင့် ပတ်သက်၍ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရောင်စုံဓာတ်ပုံများ ပြည့်စုံစွာပါဝင်သည့် ရည်ညွှန်းစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

အလေးအနက်

ကမ္ဘာ့နိုင်ငံများအားလုံး စုပေါင်း၍ ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာလျှင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အချိန်မီ ကာကွယ်ပေးနိုင်ပါမည်ဟု စာအုပ်တွင် အလေးအနက်ဖော်ပြထားပါသည်။

ဖြန့်ချိ

UNITY စာပေ ဖုန်း-၀၉-၅၁-၃၀၉၇၇၄မှ တန်ဖိုး ငွေကျပ် ၃၀၀၀ဖြင့် ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း သိရသည်။
(သတင်းစဉ်)

ပြန်/ဆက်ဦးစီးဌာနနှင့် ကံကောင်းကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ၊ စာအုပ်၊ စာစောင်နှင့် ဂျာနယ်များ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ ဗဟန်းမြို့နယ်၊ အလုံမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာကြည့်တိုက်များနှင့် မိတ္ထီလာမြို့နယ် ကံကောင်းကျေးရွာ အောင်ခင်ရီစာကြည့်တိုက်တို့သို့ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်ဦးရဲမြင့်ဖေ မိသားစုမှ သုတ၊ ရသ၊ ဂျာနယ်၊ စာအုပ်၊ စာစောင်များ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲက မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်ဦးရဲမြင့်ဖေက စာအုပ်များလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဗဟန်းမြို့နယ်၊ အလုံမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာကြည့်တိုက်များကိုယ်စား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးအေးကြွယ်နှင့် မိတ္ထီလာမြို့နယ် အောင်ခင်ရီ စာကြည့်တိုက်ကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးထွန်းအောင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

လက်ခံယူ

ထို့နောက် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေက စာအုပ်များလှူဒါန်းရာ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်အေးအေးဆင့် **(ယာဝဲ)**၊ အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်မမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်လှလှဌေးနှင့် မိတ္ထီလာမြို့နယ် ကံကောင်းကျေးရွာ အောင်ခင်ရီစာကြည့်တိုက်အတွက် ဦးထွန်းအောင်တို့က လက်ခံယူကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

တိုက်စစ်မှူး ရော်ဘင်ဟို မန်စီးတီးနှင့် ကစားမည့်ပွဲများ ဆက်လက်လွဲချော်မည်

လန်ဒန် အောက်တိုဘာ ၂၃

မန်စီးတီးတိုက်စစ်မှူး ရော်ဘင်ဟိုသည် ဒဏ်ရာရရှိထားမှု သက်သာခြင်း မရှိသေး၍ လာမည့်ပြိုင်ပွဲ အချို့နှင့် ဆက်လက်လွဲချော်ဖွယ်ရှိကြောင်း ၎င်းကလပ်က ပြောကြားသည်။

ပြင်ဆင်ထား

ရော်ဘင်ဟိုသည် စက်တင်ဘာ ၅ရက်က ဘရာဇီးအသင်းတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရာ၌ ခြေထောက်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် နိုဝင်ဘာ ၇ရက်တွင် ဘန်လေနှင့်ကစားမည့်ပြိုင်ပွဲ၌ ပါဝင်ကစားရန် ပြင်ဆင်ထားခဲ့သည်ဟုဆိုသော်လည်း နိုဝင်ဘာ ၂၁ရက်တွင် လီဗာပူးနှင့်ကစားမည့်ပြိုင်ပွဲမှ စပြီး ကစားနိုင်လိမ့်မည်ဟုဆိုသည်။

မကစားနိုင်သေး

ပရီမီယာလိဂ်တွင် မန်စီးတီးအတွက် လေးဂိုးသွင်းယူပေးထားသော ဘယ်လာမီသည်လည်း ဒဏ်ရာကြောင့် လာမည့်ပြိုင်ပွဲများ၌ မန်စီးတီးအတွက် မကစားနိုင်သေးဟု ဆိုသည်။

ရော်ဘင်ဟိုသည် ၂၀၀၈ခုနှစ်က ရီးရဲမက်ဒရစ်မှ ပေါင် ၃၂ ဒသမ ၅သန်းဖြင့် မန်စီးတီးက ခေါ်ယူစာချုပ်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

အိမ်ကွင်းပွဲများ ရှုံးနိမ့်ခဲ့မှု ဘင်နီတက်ဇ် ဖိအားပေးခံနေရ

လန်ဒန် အောက်တိုဘာ ၂၃

လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် အိမ်ကွင်းပြိုင်ပွဲများ ရှုံးနိမ့်ခဲ့မှုကြောင့် ဖိအားပေး ခံနေရသော်လည်း ၎င်း၏ နည်းပြရာထူးအား ကာကွယ်ပေးမည်ဖြစ်ကြောင်း အသင်းပိုင်ရှင် ဂျော့ဂျီးလက်က ပြောကြားသည်။

မကျေမနပ်ဖြစ်

လီဗာပူးအသင်းသည် လိုင်ယွန်နှင့် ကစားသည့် ချန်ပီယံလိဂ်ပွဲနှင့် အက်စတွန်ဗီလာနှင့်ကစားသော ပရီမီယာလိဂ်ပွဲများ အပါအဝင် အိမ်ကွင်းလေးပွဲရှုံးနိမ့်ခဲ့မှုကြောင့် လီဗာပူးပရိသတ်များက ဘင်နီတက်ဇ်အပေါ် မကျေမနပ်ဖြစ်နေကြသည်။ သို့သော် ဘင်နီတက်ဇ်အား လီဗာပူးက ၂၀၁၄ခုနှစ်အထိ စာချုပ်ထားပြီးဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။ (အင်တာနက်)

မန်ယူတိုက်စစ်မှူးရွှန်နေ လီဗာပူးနှင့်ပွဲ လွဲချော်ဖွယ်ရှိ

လန်ဒန် အောက်တိုဘာ ၂၂

မန်ယူတိုက်စစ်မှူး ရွှန်နေသည် လာမည့် လီဗာပူးနှင့်ကစားမည့်ပွဲတွင် ခြေသလုံးကြွက်သားဒဏ်ရာရရှိထားသဖြင့် ပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိကြောင်း၊ ဖလက်ချာသည်လည်း ပေါင်ခြံဒဏ်ရာကြောင့် ကစားနိုင်ရန် သံသယရှိနေကြောင်း၊ ရိုင်ယန်ဂစ်နှင့်အီဗရာတို့ ပြန်လည်ကစားပေးနိုင်လိမ့်မည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

ထို့အတူ လီဗာပူးအသင်းတွင်လည်း တိုက်စစ်မှူး တောရက်စ် ဒဏ်ရာရရှိထားသော်လည်း ပြန်လည် ကစားနိုင်ဖွယ်ရှိသည်။ သို့သော် စတီဗင်ဂျရတ်သည် အနည်းငယ် ဒဏ်ရာရရှိထားသည်။ (အင်တာနက်)

ကမ္ဘာ့ဖလားကျင်းပခွင့်ရရေး ဘောလက်လှုံ့ဆော်

မြူးနစ် အောက်တိုဘာ ၂၃

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရရှိရေး အင်္ဂလန်နိုင်ငံက နာမည်ကြီးဘောလုံးသမားဖြစ်သည့် ဒေးဗစ်ဘက်ခမ်းက လှုံ့ဆော်လျက်ရှိသည်။

ထို့အတူ ဂျာမနီနိုင်ငံကလည်း ယင်းနိုင်ငံ၌ ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရရှိရေး ဂျာမနီအသင်းခေါင်း ဆောင်မိုက်ကယ်ဘောလက်က လှုံ့ဆော်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

လူဇင်ဘတ်တင်းနစ်ပြိုင်ပွဲ ဟန်တူချိုဗာကွာတားတက်

လူဇင်ဘတ် အောက်တိုဘာ ၂၃

ဆလိုဗက်ကီးယားတင်းနစ်အားကစားမယ် ဟန်တူချိုဗာသည် လူဇင်ဘတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချက်တင်းနစ်မယ် မာရာဒီစကာအား ၇-၅၊ ၃-၆၊ ၆-၂ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ဟန်တူချိုဗာသည် ယင်းပြိုင်ပွဲ အနိုင်ရရှိသွားသဖြင့် ကွာတားဖိုင်နယ်ပွဲတွင် ကမ္ဘာ့အဆင့်(၈)ရှိ ရှာဟာပီးယားနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပီးယားသည် စပိန်တင်းနစ်မယ် နာဗာရိုအား၃-၆၊၆-၃၊၆-၁ ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

စတုတ်နောက်တန်းလူ ဟုတ် သုံးပွဲအပယ်ခံရ

လန်ဒန် အောက်တိုဘာ ၂၃

စတုတ်စီးတီး နောက်တန်း ကစားသမား ရောဘတ်ဟုတ်သည် ဝက်စ်ဟမ်း နောက်တန်းလူ မက်သရူးအပ်ဆန်အား ကြမ်းတမ်းစွာ ကစားခဲ့မှုကြောင့် အက်ဖ်အေက သုံးပွဲပိတ်ပင်လိုက်သည်။

ရောဘတ်ဟုတ်သည် ပြီးခဲ့သည့် ဩဂုတ်လတွင် စတုတ်စီးတီးက မစ်ဒယ်ဘရော့မှ ပေါင်ငါးသန်းဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် သုံးပွဲအပယ်ခံရခြင်းကြောင့် လာမည့်စပါးနှင့်ကစားမည့်ပွဲ၊ ပို့စ်မောက်၊ ဝူလ်ဗာဟမ်တန်တို့နှင့် ကစားမည့်ပွဲများ လွဲချော်မည်ဖြစ်သည်။ **(အင်တာနက်)**

အိုင်ယာလန်နှင့်ကစားမည့်ခြေစစ်ပွဲ ရစ်ဘာရီ ပြိုင်ပွဲများလွဲချော်မည်

ပါရီ အောက်တိုဘာ ၂၃

ပြင်သစ်ကွင်းလယ်ကစားသမား ရစ်ဘာရီသည် အိုင်ယာလန်နှင့်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ကျော့ပြိုင်ပွဲတို့တွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

လွဲချော်ဦးမည်

ဘိုင်ယန်မြူးနစ်ကစားသမားရစ်ဘာရီသည် လေးပတ်ကြာအနားယူရမည်ဟုဆိုသည်။ ၎င်းသည် အောက်တိုဘာ ၃ရက်က ကိုလုံးအသင်းနှင့် ကစားသည့်ပွဲတွင် ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

နှစ်ကျော့

ပြင်သစ်နှင့်အိုင်ယာလန်တို့သည် လာမည့် နိုဝင်ဘာ ၁၄ရက်နှင့်၁၈ရက်တို့တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲများအဖြစ် နှစ်ကျော့ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (အင်တာနက်)

အားကစားသတင်းအတိုအထွာ

အာကာကျော် စုစည်းသည်

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဂျက်စတင်းဟာနင် ပါဝင်ကစားမည်

ဘယ်လ်ဂျီယံမှ ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ်ဟောင်း ဂျက်စတင်းဟာနင်သည် လာမည့်နှစ် ဇန်နဝါရီ ၃ရက်တွင်ကျင်းပမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ပါဝင်ကစားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ယူအက်စ်အိုးပင်းချန်ပီယံ ကလစ္စတား လူဇင်ဘတ်အိုးပင်းတွင် ရှုံးနိမ့်

ယူအက်စ်အိုးပင်းချန်ပီယံ ကလစ္စတားသည် လူဇင်ဘတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆွစ်ဇာလန်တင်းနစ်မယ် ပတ်တီရှနိုင်ဒါအားရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ရှနိုင်ဒါသည် ကွာတားဖိုင်နယ်တွင် ဂျာမနီမှ လီဆစ်စကီနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်စီးတီးနောက်တန်းလူ ရစ်ချက် နောက်ထပ်ငါးနှစ်စာချုပ်မည်

မန်စီးတီးနောက်တန်း ကစားသမား မီကတ်ရစ်ချက်အား ၎င်းကလပ်က နောက်ထပ် စာချုပ်သက်တမ်း ငါးနှစ်စာချုပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အင်တာမီလန်တိုက်စစ်မှူး ဘာလော့တယ်လီအား အာဆင်နယ်ခေါ်ယူရန် ပစ်မှတ်ထားနေ

အင်တာမီလန်တိုက်စစ်မှူး မာရီယိုဘာလော့တယ်လီအား အာဆင်နယ်က ပေါင်သန်း ၂၀ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ၎င်းကလပ်က ထုတ်ဖော်ပြောကြားလိုက်သည်။

ဘူလ်ဂေးရီးယား ကွင်းလယ်ကစားသမား မန်စီးတီး စာချုပ်ထပ်မံချုပ်ဆိုမည်

ဘူလ်ဂေးရီးယား ကွင်းလယ်ကစားသမား မာတင်ပီထရော့ဗ်အား မန်စီးတီးက လာမည့် နွေရာသီတွင် စာချုပ်သစ်ထပ်မံချုပ်ဆိုသွားမည်ဖြစ်ကြောင်း နည်းပြမာ့ဟုချ်က ပြောကြားလိုက်သည်။

မန်ယူနှင့် ကစားမည့်ပြိုင်ပွဲ လီဗာပူးပရိသတ်များ အားပေးနိုင်ရေးစီစဉ်နေ

လီဗာပူးအသင်းပိုင်ရှင်များဖြစ်ကြသည့် တွန်ဟစ်နှင့် ဂျော့ဂျီးလက်တို့သည် မန်ယူနှင့်ကစားမည့်ပြိုင်ပွဲတွင် လူပေါင်း ၁၀၀၀၀ကျော်တက်ရောက်အားပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ဩစတြေးလျ ဂေါက်သီးကစားသမား ဖရိုင်းကွန်းအိုးပင်းတွင် ဦးဆောင်

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၌ ကျင်းပလျက်ရှိသော ဖရိုင်းကွန်းအိုးပင်းဂေါက်သီးပြိုင်ပွဲတွင် ဩစတြေးလျ နာမည်ကြီးဂေါက်သီးကစားသမား နစ်အိုဟမ်းသည် ပထမနေ့ပြိုင်ပွဲအပြီး သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ ပြိုင်ဘက်များကို ဦးဆောင်လျက်ရှိသည်။ ။

မုဒုံမြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့၌ ငါးမျိုးစိုက်ထည့်ပွဲများကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၃

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် မုဒုံမြို့နယ်ရှိ စပါးခင်းများအတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၉ရက်က ကော့ပရံကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်းပိုင် စပါးစိုက်ခင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးနှင့် ခရိုင်ငါးသယံဇာတ ထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက ငါးခုံးမကောင်ရေ ၃၀၀၀၀နှင့် တီလားပီးယားငါးကောင်ရေ ၁၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၄၀၀၀၀ တို့ကို တပျော်တပါး မျိုးစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

တပျော်တပါးစိုက်ထည့်

အလားတူ ကျိုက်မရောမြို့နယ် လက်ပံကျေးရွာ၌ ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ၂၃ရက်ကကျင်းပရာ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက တောင်သူဦးစန်း၏ စပါးစိုက်ခင်း၌ ငါးခုံးမကောင်ရေ ၂၀၀၀၀နှင့် တီလားပီးယားကောင်ရေ ၂၀၀၀၀ စုစုပေါင်းငါးကောင်ရေ ၄၀၀၀၀တို့ကို တပျော်တပါး စိုက်ထည့်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယင်းမာပင် အောက်တိုဘာ ၁၉

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ စက်တင်ဘာ ၂၈ရက်က အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။ **(ယာပုံ)**

အခွန်ကောက်ခံရေး

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးသန်းဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်က ပြည်တွင်းအခွန်ဦးစီးဌာနမှ ကောက်ခံသည့် အခွန်ဆိုင်ရာသိကောင်းစရာများနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ သိရှိလိုက်နာရမည့် အခွန်ကောက်ခံရေး နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယင်းမာပင်၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကျင်းပ

ဝက်သက်ရောဂါဆိုင်ရာဟောပြောပွဲ လက်ပံတန်း၌ကျင်းပ

လက်ပံတန်း အောက်တိုဘာ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် စက်တင်ဘာ ၃၀ရက် နံနက် ၁၀နာရီက ပြည်သူ့ဆေးရုံကြီး ဇီဝကခန်းမ၌ ဝက်သက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ ဟောပြောပွဲကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးအေးမူက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်အေးမွန်ဝင်းက ဝက်သက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းကိုလည်းကောင်း၊ မြို့နယ်သူနာပြုအဆင့်(၁)ဒေါ်တင်ယုဆွေက ဝက်သက်ရောဂါထိန်းချုပ်ခြင်းဆိုင်ရာများကိုလည်းကောင်း အသီးသီးဟောပြောကြသည်။ အဆိုပါဟောပြောပွဲသို့ ကျန်းမာရေးမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(၁၇၅)

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် တောင်ခင်ရမ်းရွာနှင့် သာလင်းရွာ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောက်များစုဆောင်း

ကျိုက်ပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သီရိမင်္ဂလာလမ်း (ရှားခဲ)ကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းရန် ကျောက်များစုဆောင်းထားရှိရာသို့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ စက်တင်ဘာ ၁ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရမည်းသင်းမြို့နယ်တွင် တယ်လီဖုန်း(ကြိုးဖုန်း)များ ထပ်မံတပ်ဆင်ပေးမည်

ရမည်းသင်း အောက်တိုဘာ ၂၀

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ပြည်သူများ ကဏ္ဍမျိုးစုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်း(ကြိုးဖုန်း)များအား ဖြန့်ဝေပေးနိုင်ရေးအတွက် ဖုန်းလိုအပ်သူများ လျှောက်ထားမှုကို အောက်တိုဘာ ၈ရက်မှ ၁၄ရက်အထိ တစ်ပတ်ကြာ အချိန်ပေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖုန်းစိစစ်ရွေးချယ်ရေးကော်မတီက လက်ခံဆောင်ရွက်ခဲ့သည်။

သတ်မှတ်စည်းကမ်းချက်နှင့်ညီညွတ်သော လျှောက်လွှာများကို စိစစ်ရွေးချယ်ကာ ဖုန်းများတပ်ဆင်ပေးသွားမည်ဖြစ်၍ ပြည်သူတို့ ဝမ်းသာလျက်ရှိကြသည်။ ယခင်က ကြိုးဖုန်းအလုံး ၃၀၀နှင့် ယခုထပ်မံတပ်ဆင်ပေးမည့်အလုံး ၂၅၀ ပေါင်း ၅၅၀ တပ်ဆင်ခွင့်ရရှိမည်ဖြစ်သည်။

(၁၆၉)

မြစ်သားမြို့၌ အခွန်လုပ်ငန်းဆိုင်ရာ ပညာပေးဟောပြော

မြစ်သား အောက်တိုဘာ ၁၄

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အခွန်ဦးစီးဌာနက ကြီးမှူးကျင်းပသော အခွန်လုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ မြို့နယ်အခွန်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက အခွန်ဆိုင်ရာကိစ္စရပ်များ၊ အခွန်ဆိုင်ရာဥပဒေများနှင့် လုပ်ငန်းစာရင်းဇယားများထားရှိခြင်း ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

မေးမြန်း

ထို့နောက် အခမ်းအနားကို တက်ရောက်သော အခွန်ဝန်ထမ်းလုပ်ငန်းရှင်ပြည်သူများက သိလိုသည့်အချက်များနှင့် မရှင်းလင်းသည့်အချက်များကို ဆွေးနွေးမေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာန ဒုတိယဦးစီးမှူးက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ချောခင်း

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းဝေ သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်လမ်းလုပ်ငန်းဖြစ်သည့် တလင်းဆိပ်-ဥယျာဉ်ကွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းလွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ်သတင်းများ

မှုခင်းသတင်း

သာစည်မြို့နယ် ဘုရားငါးဆူရွာအနီး ကားနှစ်စီးမျက်နှာချင်းဆိုင်တိုက်မိရာမှ ခြောက်ဦးသေဆုံး

မိတ္ထီလာ အောက်တိုဘာ ၁၉

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဘုရားငါးဆူကျေးရွာအနီး၌ မိသားစုပိုင် စူပါဆလွန်းကားနှင့် ကျောက်သယ်ကားတို့ အောက်တိုဘာ ၃ရက် နံနက် ၁ နာရီတွင် မျက်နှာချင်းဆိုင် တိုက်မိကြရာ စူပါဆလွန်းကားပေါ်ပါ ခြောက်ဦး ပွဲချင်းပြီးသေဆုံးသွားသည့် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ (အောက်ပုံ)

မိတ္ထီလာခရိုင် သာစည်ရဲစခန်းတွင် အောက်တိုဘာ၃ရက်က တာဝန်မှူး ဒုရဲအုပ် အောင်ကျော်ထွန်း တာဝန်ကျနေစဉ် ဘုရားငါးဆူအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဟန်၊သာစည်ရဲစခန်းမှူး ရဲအုပ်မြင့်သိန်းဦးတို့နှင့်အတူ သွားရောက်စစ်ဆေးရာ သာစည်မြို့နယ်အရှေ့ဘက် ၁၄မိုင်အကွာ ဘုရားငါးဆူကျေးရွာအနီး သာစည်-တောင်ကြီးကားလမ်းမိုင်တိုင်အမှတ်၂၆/၆ အနီးတွင် နံနက် ၁နာရီအချိန်က အရှေ့မှအနောက်သို့မောင်းနှင်လာသော စူပါဆလွန်းအဖြူရောင်ကားနှင့် အနောက်မှအရှေ့သို့ ယာဉ်မောင်း မျိုးအောင် (၂၈)နှစ် သီရိမင်္ဂလာရပ် ကျောက်ပန်းတောင်းမြို့နယ်နေသူ မောင်းနှင်သော နစ်ဆန်း(၁၀)ဘီး အစိမ်းရောင်ကျောက်တင်ကားတို့ မျက်နှာချင်းဆိုင်တိုက်မိကြသည်။

ပွဲချင်းပြီးသေဆုံး

ထိုကဲ့သို့ ကားနှစ်စီးမျက်နှာချင်းဆိုင်တိုက်မိကြရာ စူပါဆလွန်းကားပေါ်ပါ တောင်ကြီးမြို့နေ ဦးမောင်ကြီး (၅၂)နှစ်၊ ဇနီး ဒေါ်သန်းလွင်(၅၃)နှစ်၊ သမီး မကေသဲလွင် အသက်(၂၀)၊ သမီး မမိမိလွင် (၁၈)နှစ်၊ သား မောင်ဇေယျာလင်း(၁၂)နှစ်နှင့် အသက်(၄၀)ခန့် အမည်မသိအမျိုးသမီးတစ်ဦးတို့နေရာတွင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ တာဝန်မှူး ဒုရဲအုပ် အောင်ကျော်ထွန်းက တရားလိုပြုလုပ်၍ သာစည်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားရာ ယာဉ်မောင်း မျိုးအောင် (၂၈)နှစ်အား ရဲစခန်း (ပ)၁၅၉/၀၉၊ ပုဒ်မ၃၀၄(က)ဖြင့် ဖမ်းဆီးအရေးယူထားသည်။

(၀၈၆)

သာသနာရောင်ဝါထွန်းစေဖို့ ဝိနည်းတော်နှင့်အညီချုပ်လုပ်သော

ကထိန်သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

ဖခင်အမည်မှန်

ကလေးမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(L)မှ မမီမီသက်၏ ဖခင်အမည်မှန်မှာ ဦးသာထွန်းဖြစ်ပါကြောင်း။

ဦးသာထွန်း၇/ပမန(နိုင်)၀၀၅၃၀၅။

သင့်သွေးဖြင့် အသက်ကယ်ပါ





ဖြူးမြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းမှု ကော်မတီနှင့် ခရီးသည်ပို့ဆောင်ရေးအသင်းတို့ ပညာရည်ချွန်ဆုချီးမြှင့်

ဖြူး အောက်တိုဘာ ၂၀

ပဲခူးတိုင်း ဖြူးမြို့နယ် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီနှင့် ခရီးသည်ပို့ဆောင်ရေးအသင်းတို့၏ ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ၁၅ရက် မွန်းလွဲ ၁နာရီက ဖြူးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဦးသူရနှင့် ကော်မတီဝင်များ၊ အသင်းဝင်များနှင့် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆု

ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်းနှင့် မြို့နယ်မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီဥက္ကဋ္ဌ ဦးသူရတို့က အမှာစကားပြောကြားပြီး အသင်းဝင်များ၏ သားသမီးများဖြစ်ကြသည့် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၄ဦးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်း၊ မြို့နယ်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီဥက္ကဋ္ဌ ဦးသူရ(**အပေါ်ပုံ**)နှင့်ကော်မတီဝင်များက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။ **(၀၅၁)**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုဦးစီးမှူး(ဈေး)ဦးအောင်စိုး၊ ဒုဦးစီးမှူး(သန့်) ဦးဝင်းအောင်သူနှင့်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများစုပေါင်း၍ အောက်တိုဘာ ၁၇ရက်က မြို့မစည်ပင်သာယာ ဈေးကြီးအတွင်း၊အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေမြောင်းများမှ အမှိုက်များ၊ နုန်းများရှင်းလင်းခြင်းနှင့် ပုံကျဈေးတန်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (၁၃၇)

ညောင်လေးပင်၌ ပညာရည်ချွန်ဆုနှင်းပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

ညောင်လေးပင်မြို့ ဆရာကြီး ဦးအုန်းကျော်၏ ပညာရည်ချွန်ရွှေတံဆိပ်ဆုနှင်းသဘင်ပွဲ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီတွင် ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ဆရာကြီး၏ တပည့်ဟောင်းများနှင့် ဆရာကြီး၏ ရွှေတံဆိပ်ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများ ဆုနှင်းသဘင်အခမ်းအနားသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ထည့်ဝင်လှူဒါန်းလိုပါက ကိုအောင်သိန်းဝင်း-မနီလာစိန် ဖုန်း-၀၁-၆၈၀၉၉၇၊ ၀၉-၅၁-၀၈၁၁၆၊ ဦးစိုးဝင်း ဖုန်း-၀၅၂-၅၀၂၆၂နှင့် ဦးသိန်းလွင် ဖုန်း-၀၅၂-၅၀၅၀၉ (ညောင်လေးပင်) တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ပညာရေး)

ကျောက်ဖြူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးခင်စိုးနှင့် ဝန်ထမ်းများပူးပေါင်း၍ အောက်တိုဘာ ၃ရက်က ကျောက်ဖြူမြို့ တောင်ရင်းကျေးရွာအုပ်စု တိုးချဲ့ကွက်သစ်၌ ဘိုးဘွားရိပ်သာဆောက်လုပ်မည့် မြေနေရာကို မြေထိုးမြေညှိ မြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းရှိ အဖွဲ့ပိုင်ခန်းမအနီး မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုအခြေအနေကို စက်တင်ဘာ ၁၉ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းပြသကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၆-၁၀-၂၀၀၉ (တနင်္လာနေ့)

- ☐ Key Function of Management
- - B.Ed ဒုတိယနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ
- ☐ An Introduction to Education Psychology
- - B.Ed ပထမနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ

၂၇-၁၀-၂၀၀၉ (အင်္ဂါနေ့)

- ☐ The Home (Educational Theory)
- - B.Ed ပထမနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ
- ☐ General Methodology
- - B.Ed ဒုတိယနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ

၂၈-၁၀-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

- ☐ Pali Alphabet
- - ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Work of Art and Philosophy of Art
- - နောက်ဆုံးနှစ်ဒဿနိကဗေဒနှင့် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၉-၁၀-၂၀၀၉ (ကြာသပတေးနေ့)

- ☐ Psycholinguistics
- - ဒုတိယနှစ်မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Water, Water Pollution and Water Treatment
- - အများပြည်သူများ

၃၀-၁၀-၂၀၀၉ (သောကြာနေ့)

- ☐ Translation Studies
- - မဟာဝိဇ္ဇာအရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ What is resources?
- - မဟာဝိဇ္ဇာအရည်အချင်းစစ်ဂုဏ်ထူးတန်း ကျောင်းသား ကျောင်းသူများ

၃၁-၁၀-၂၀၀၉(စနေနေ့)

- ☐ အိန္ဒိယစာပေသမိုင်း
- - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ဘာသာဗေဒရှုထောင့်မှ စကားလုံးလေ့လာချက်
- - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- နေရီရီဝတ္ထု
- - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ စာဆိုနဝဒေးကြီး၏ မြစ်ရတုလျှင်
- - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ မြန်မာကဗျာတွင် တွေ့ရသော နိမိတ်ပုံအဖွဲ့သဘော
- - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ကိုးခန်းပျို့လာ ရှင်မဟာရဋ္ဌသာရ၏ အရေးအဖွဲ့စွမ်းရည်
- - တတိယနှစ်မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ မင်းအနန္တသူ (လေးမျက်နှာဘုရား) ကျောက်စာ
- - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

မန္တလေးတိုင်းကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့ ဥဂ္ဂသေနဇာတ်တော်ကြီး ယှဉ်ပြိုင်ကပြ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်ဇနီး ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့ မန္တလေးတိုင်းကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့၏ 'ဥဂ္ဂသေန' ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်တော်ကြီးပြိုင်ပွဲကို ဒုတိယနေ့အဖြစ် ယနေ့ည ၇ နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ဓမ္မပဒဇာတ်တော်ဝင် **'ဥဂ္ဂသေန'** ဇာတ်တော်ကြီးကို မန္တလေးတိုင်းကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့က ယှဉ်ပြိုင်ကပြတင်ဆက်သည်။

စာမျက်နှာ ၇ ကော်လံ ၅ ■

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။